# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 25 February 2026 ၁၂၁၀၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများ မည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်

## နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ စွမ်းရည်၊ စွမ်းအားရှိသည့်တပ်မတော်ဖြစ်အောင် ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် နောင်ပိုး၊ ကျိုင်းခမ်းနှင့် မိုင်းပျဉ်းတပ်နယ်တို့ရှိ နယ်မြေခံတပ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်ရင်းရုံးများ၌ တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်တည်ဆောင်ရေး လုပ်ငန်းကြီး (၄)ရပ်ဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်း၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နောင်ပိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။


### ယနေ့ ဖတ်စရာ

သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း စာမျက်နှာ » ၃

အနာဂတ်စွမ်းအင်ကဏ္ဍအတွက် အရေးကြီးသည့် ကမ်းလွန်စီမံကိန်းအသစ်များကို သတ်မှတ်ချိန်အတိုင်း အကောင်အထည်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက် စာမျက်နှာ » ၆

GACC မှတ်ပုံတင်ခြင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ ဆောင်ရွက်မှုအကြောင်း သိကောင်းစရာ ဆောင်းပါး စာမျက်နှာ » ၁၀






၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁၆-၂-၂၀၂၆ ရက်နေ့မှ ၂၂-၂-၂၀၂၆ ရက်နေ့အထိ) ရန်ကုန်မြို့၏ ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် စာမျက်နှာ » ၁၅

ကြေးမုံ

# စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် တက်ညီလက်ညီအကောင်အထည်ဖော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ကြေညာခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေတို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၂၀၂၆ ခုနှစ် မတ်လ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်းကြေညာချက်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေအရ တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ ၂၀၂၆ ခုနှစ် မတ်လ ၂၀ ရက်(သောကြာနေ့) တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာချက်တို့ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတို့ကို နေပြည်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီးတွင် ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပြီဖြစ်ရာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ သတ်မှတ်ထားသည့် နေ့ရက်အသီးသီးတွင် သက်ဆိုင်ရာနေရာအသီးသီးသို့ ရောက်ရှိလာကြတော့မည်ဖြစ်ရာ မြန်မာနိုင်ငံတွင် မတ်လ ၁၆ ရက်မှစတင်၍ တတိယအကြိမ် ဒီမိုကရေစီအခင်းအကျင်းသစ်ကို စတင်တွေ့မြင်ကြရတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲများ စနစ်တကျ ကျင်းပဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် မဲမသမာမှုများကြောင့် တပ်မတော်က နိုင်ငံတော်ကို ခေတ္တတာဝန်ယူကာ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို စနစ်တကျ ကျင်းပပေးခဲ့သည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျှောက်လှမ်းနေသော နိုင်ငံဖြစ်သည်နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ် လိုလားလက်ခံပြီး နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာ စနစ်တကျဖြင့် အေးချမ်းစွာ ပါဝင်ဆန္ဒမဲပေးခဲ့ကြသဖြင့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ယခုအခါ ရွေးကောက်ပွဲရလဒ်များအရ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာ ဒီမိုကရေစီအခင်းအကျင်းသစ် စတင်ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

မကြာမီကာလတွင် လွှတ်တော်အသီးသီး၌ အစည်းအဝေးများကျင်းပနိုင်ရန် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသင့်ပြင်ဆင်စီမံဆောင်ရွက်ထားပြီးဖြစ်သည်။ လွှတ်တော်အစည်းအဝေးများ စတင်ဆောင်ရွက်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များကို ခိုင်မာစွာစိုက်ထူတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာကြသူများတွင် တိုင်းရင်းသားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လာကြသဖြင့် တိုင်းရင်းသားများ၏ဆန္ဒနှင့် လိုလားချက်များကို ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။ သို့မှသာ လူမျိုးစုအလိုက် လိုအပ်ချက်များ၊ ရည်မှန်းချက်များကို ပွင့်လင်းမြင်သာစွာဆွေးနွေးကာ စုပေါင်းဆုံးဖြတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ မဲအများဆုံးရသူ အနိုင်ယူစနစ်နှင့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်များ ကျင့်သုံးပြီး တရားမျှတမှု၊ မြင့်မားသောမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုအားကောင်းသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်သည်။ ရွေးကောက်ပွဲရလဒ်အရ ပေါ်ထွက်လာမည့်အစိုးရသစ်အား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များကို လွှဲအပ်နိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၆ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ပိုမိုကောင်းမွန်သည့် ဒီမိုကရေစီယဉ်ကျေးမှုသစ်ကို စတင်တည်ဆောက်တော့မည်ဖြစ်သည်။ ဖြစ်ပေါ်လာမည့် ဒီမိုကရေစီတတိယသက်တမ်းတွင် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို အင်တိုက်အားတိုက် တက်တက်ကြွကြွ ဆောင်ရွက်ကြတော့မည်ဖြစ်သည်။ လွတ်လပ်မှု၊ တရားမျှတမှုကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချ၍ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်တော့မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး”** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် မတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် **“အများပြည်သူဒုက္ခရောက်စေရန် ခရီးသည်တင်လေကြောင်းကိုပါ သိသိကြီးနဲ့ အကြမ်းဖက်တိုက်ခိုက်လာသော KIA နှင့် အပေါင်းပါ PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၄ - ၂ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၂ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၉၀၀ | ၄၀ | ၃၅၄,၀၀၀ |
| MTSH | ၄,၆၀၀ | ၅,၀၀၀ | ၅,၉၅၀ | ၂၈,၂၅၄,၆၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၃ | ၂၄,၉၀၀ |
| FPB | ၃,၁၀၀ | ၃,၂၀၀ | ၉,၁၃၄ | ၂၉,၁၀၃,၉၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၈၀၁ | ၂,၃၆၂,၉၅၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၇,၂၂၉ | ၁၁,၅၆၆,၇၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၀ | ၀ |
| MAEX | ၃,၁၅၀ | ၃,၂၀၀ | ၂,၈၁၁ | ၈,၈၅၄,၇၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၂,၂၀၂ | ၅,၉၄၅,၄၀၀ |
| ASPGB(PLB) | ၃၇,၅၀၀ | ၃၇,၅၀၀ | ၁၀ | ၃၇၅,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၈ / ၂၀၂၆)**
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ သမဝါယမအသင်း ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(တ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(တ) **ဝန်ကြီး**ဆိုသည်မှာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။"

၃။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(ည) အသင်းသည် အသင်းသား၊ အသင်းဝင်နှင့် အကျိုးတူစီးပွားဖက်လုပ်ကိုင်သူ၏ အကျိုးစီးပွားအတွက် အချင်းချင်းလုပ်အား၊ ပစ္စည်း၊ ငွေကြေး သို့မဟုတ် နည်းပညာတို့ ပူးပေါင်း၍ အများ၏ဆန္ဒဖြင့် စီမံခန့်ခွဲပြီး သတ်မှတ်ချက်များနှင့်အညီ စုပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်စေရန်။"

၄။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၅ တွင် ပုဒ်မခွဲ(ဃ)၊ (င)နှင့် (စ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဃ) အသင်းစည်းကမ်းတွင် အမှုဆောင်၊ စာရင်းစစ် သို့မဟုတ် ကိုယ်စားလှယ်၏သက်တမ်းသည် တစ်ကြိမ်လျှင် ငါးနှစ်ဖြစ်ကြောင်း ဖော်ပြရမည့်အပြင် အသင်းသားဦးရေ ၁၅ ဦးအောက်ရှိသည့် အခြေခံသမဝါယမအသင်းမှအပ အများဆုံး နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမရှိစေရန်နှင့် အမှုဆောင်၊ စာရင်းစစ် သို့မဟုတ် ကိုယ်စားလှယ်နေရာလစ်လပ်ပါက ရွေးချယ်ခန့်ထားခြင်းဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဖော်ပြရမည်၊

(င) အသင်းစည်းကမ်းတွင် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် အမှုဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်ရှိကြောင်း ထည့်သွင်းဖော်ပြရမည် –

(၁) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ၊
(၂) အသင်းလုပ်ငန်းများအတွက် အချိန်ပေးနိုင်ပြီး စီးပွားရေးအမြင်နှင့် အတွေ့အကြုံရှိသူ၊
(၃) အသင်းသားသက်တမ်း အနည်းဆုံးတစ်နှစ်ရှိပြီး အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ အနည်းဆုံးတစ်ကြိမ်တက်ရောက်ဖူးသူ၊
(၄) အကျင့်စာရိတ္တကောင်းမွန်သူ၊
(၅) ကျန်းမာရေးကောင်းမွန်ပြီး အသက် ၇၀ နှစ် မပြည့်သေးသောသူ၊
(၆) သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားမှုရှိသူ၊
(၇) တည်ဆဲဥပဒေနှင့် အသင်းစည်းကမ်းကို လိုက်နာသူ။

(စ) အသင်းစည်းကမ်းတွင် အသင်းသားသည် အသင်းနှင့်ကင်းကွာခြင်းမရှိစေရန် လိုအပ်သော စည်းကမ်းချက်များကို ထည့်သွင်းဖော်ပြရမည်။"

၅။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(ခ)၏ ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည်–

"(ခ) ပုဒ်မ ၁၁ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)အရ အကျိုးခံစားခွင့်ဆက်ခံစေလိုသူကို သတ်မှတ်ခြင်းမရှိဘဲ အသင်းသားသေဆုံးလျှင်ဖြစ်စေ၊ အကြွေးအသင်းသားသေဆုံးလျှင်ဖြစ်စေ ယင်း၏အကျိုးခံစားခွင့်နှင့် ကြွေးမြီအားလုံး၏ပေးရန် သို့မဟုတ် ရရန်ရှိသည်တို့ကို အောက်ပါအစီအစဉ်အတိုင်း အသင်းက လွှဲပြောင်းပေးရမည်–"

၆။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ(စ)နှင့် (ဆ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်–

"(စ) အသင်းသည် ပစ္စည်းစာရင်း၊ ငွေစာရင်း၊ အခြားစာရင်းဇယားနှင့် မှတ်တမ်းတို့ကို ပြုစုထိန်းသိမ်းထားရှိပြီး စာရင်းဇယားနှင့် အစီရင်ခံစာတို့ကို ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီပေးပို့ခြင်း၊

(ဆ) အစိုးရဘဏ်ချေးငွေ သို့မဟုတ် နိုင်ငံတော်အထောက်အပံ့ရယူပြီး လုပ်ငန်းဆောင်ရွက်သော အသင်းဖြစ်ပါက ဦးစီးဌာန၏စာရင်းစစ်ဆေးမှုအား ခံယူခြင်း။"

၇။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၁၈ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(စ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏အကူအညီနှင့် အထောက်အပံ့ကို ရယူခွင့်ရှိခြင်း။"

၈။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၂၂ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် –

"အသင်းသည် ဘဏ္ဍာရေးနှစ်အလိုက် အသားတင်အမြတ်၏ ငါးဆယ်ရာခိုင်နှုန်းကို အောက်ပါရန်ပုံငွေများအတွက် သင့်လျော်သလို ခွဲဝေထားရှိရမည်–"

၉။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ)၏ နောက်တွင် ပုဒ်မခွဲ (ဂ)၊ (ဃ)နှင့် (င) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဂ) ကြွေးဆုံးလျာထားငွေ၊
(ဃ) အာမခံကြေးလျာထားငွေ၊
(င) အမှုဆောင်နှင့် အသင်းဝန်ထမ်းတို့အတွက် လစာနှင့်စရိတ်လျာထားငွေ။"

၁၀။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၂၄ တွင် –

(က) ခြေဆင်းကိုအောက်ပါအတိုင်း အစားထိုးရမည် –
"အသင်းသည် ဘဏ္ဍာရေးနှစ်အလိုက် အသားတင်အမြတ်၏ ကျန်ငါးဆယ်ရာခိုင်နှုန်းအား အောက်ပါခွဲဝေငွေများအတွက် သင့်လျော်သလို သတ်မှတ်ပေးရမည် –"
(ခ) ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ရမည်။
(ဂ) ပုဒ်မခွဲ(ဃ)ကို ပုဒ်မခွဲ(ဂ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၁၁။ သမဝါယမအသင်းဥပဒေ အခန်း(၉)၏နောက်တွင် အခန်း(၉–က)နှင့် အခန်း(၉–ခ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**"အခန်း(၉–က)**
**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း**

၃၄ – က။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော အသင်း၊ အသင်းသား သို့မဟုတ် အသင်းဝင်အား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်–

(က) သတိပေးခြင်း၊
(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊
(ဂ) အသင်းသား၊ အသင်းဝင်အဖြစ်မှ ထုတ်ပယ်ခြင်း၊
(ဃ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊
(င) မှတ်ပုံတင်ပယ်ဖျက်ခြင်း။

၃၄ – ခ။ ပုဒ်မ ၃၄–က အရ ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိသော အသင်း၊ အသင်းသား သို့မဟုတ် အသင်းဝင်သည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးထံ အယူခံတင်သွင်းခွင့်ရှိသည်။

၃၄ – ဂ။ ဝန်ကြီးသည် ပုဒ်မ ၃၄–က အရ ချမှတ်သော ညွှန်ကြားရေးမှူးချုပ်၏အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီး၏အမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း(၉–ခ)**
**ပြစ်မှုနှင့် ပြစ်ဒဏ်**

၃၄–ဃ။ မည်သူမဆို အသင်းကိုဖြစ်စေ၊ အမှုဆောင်အဖွဲ့ သို့မဟုတ် အမှုဆောင်တစ်ဦးဦးကိုဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုဖြစ်စေ မမှန်မကန်တိုင်ကြားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၄–င။ အသင်းသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်ဖြစ်စေ၊ အသင်းအချင်းချင်းဖြစ်စေ၊ ပုဂ္ဂလိကနှင့်ဖြစ်စေ ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး ငွေကြေး သို့မဟုတ် ပစ္စည်းကို အလွဲသုံးစားပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းအသင်း၏ အမှုဆောင်အသီးသီးကို ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၄–စ။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် စည်းရုံးခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း ပြုလျှင်ဖြစ်စေ၊ ပြစ်မှုတစ်ခုခုကိုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။"

၁၂။ သမဝါယမအသင်းဥပဒေပုဒ်မ ၃၅ တွင်ပါရှိသော "မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေ" ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ သမဝါယမအသင်းဥပဒေပုဒ်မ ၃၆ ၏ နောက်တွင် ပုဒ်မ ၃၆ – က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၃၆ – က။ အသက် ၆၂ နှစ်ပြည့်ပြီးသော အသင်းဝန်ထမ်းအား တာဝန်မှ အနားယူခွင့်ပြုရမည်။"

၁၄။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည်လိုအပ်သောနည်းဥပဒေများ၊စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

---

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျိုင်းခမ်း တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

တွေ့ဆုံပွဲများတွင် နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြား ရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက် ပွဲတွင် မဲမသမာမှုများဆောင်ရွက် ပြီး နိုင်ငံတော်၏အာဏာကို အဓမ္မ ရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ တာဝန်ထမ်း ဆောင်ချိန်မှစတင်၍ ဦးတည်ချက် များ ချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ် များပြီးဆုံးချိန်တွင် ရွေးကောက်ပွဲ ကျင်းပပြီး အနိုင်ရရှိသည့် ပါတီ အား နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီး ဖြစ်ကြောင်း။

စတင် တာဝန်ယူခဲ့ရသည့် အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင် အကြမ်းဖက်ခြင်း များဖြစ်ပေါ်ခဲ့ပြီး ဆူပူဆန္ဒပြမှု များကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုး ထားခြင်းမရှိသည့် EAO အဖွဲ့များ အနေဖြင့် နိုင်ငံရေးဖြစ်စဉ်များ ကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေး တိမ်းရှောင်လာကြ သည့် လူငယ်များ၊ နိုင်ငံ့ဝန်ထမ်း အချို့တို့အား လူသားချင်းစာနာ ထောက်ထားမှု အကြောင်းအရာ ခေါင်းစဉ်အောက်၌ လက်ခံထိန်း သိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများရယူကာ အကြမ်းဖက် သင်တန်းများ သင်ကြားပို့ချ၍ လက်နက်များ တပ်ဆင်ပေးကာ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်စေရန် မြှောက်ပင့်ပေးမှု၊ တည်ငြိမ်အေး ချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်း များ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုး လှုံ့ဆော်မှုများကြောင့် တရားမဝင် ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့ အပါအဝင် အကြမ်းဖက်အဖွဲ့များ အမျိုးမျိုး ပေါ်ပေါက်လာခဲ့ပြီး အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လာခဲ့သည့်အတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ် အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုများနှင့် အတူတကွ ပူးပေါင်း၍ တရားဥပဒေနှင့်အညီ နှိမ်နင်းလျက်ရှိကြောင်း၊ အလားတူ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ် ၌ ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါ မုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်း၌ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခြင်းနှင့် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး စသည့် သဘာဝဘေးအန္တရာယ် များ ဖြစ်ပေါ်ခဲ့ခြင်းနှင့် အခြား စိန်ခေါ်မှုများကိုလည်း အခက်အခဲ များကြားမှ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပ ပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ ကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူ များအနေဖြင့် ဆန္ဒမဲများပေးရာ တွင် တက်ကြွစွာ စည်းကမ်းတကျ လာရောက်၍ မဲရုံများတွင် ဆန္ဒမဲ ပေးခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်း။

ဆန္ဒမဲပေးရာတွင် မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)များဖြင့် စနစ်တကျ မဲပေးခြင်းများကို နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့် သူများ၏ ရှေ့မှောက်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံ လုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေး သူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့ သဖြင့် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊ ရွေးကောက်ပွဲသည် မဲမသမာမှု နှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင် စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း။

နိုင်ငံတော် အကြီးအကဲအနေ ဖြင့် ရွေးကောက်ပွဲတွင် နိုင်ငံရေး ပါတီများပါဝင်နိုင်ရေး ဆောင်ရွက် ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက် ပေးရာတွင် ပါတီငယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ လွှတ်တော်နိုင်ငံရေးစင်မြင့်တွင် ပါဝင်လာနိုင်စေရန် FPTP စနစ်၊ PR စနစ်တို့ကို ကျင့်သုံးဆောင်ရွက် ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် ယခု ရွေးကောက်ပွဲတွင် တိုင်းရင်းသား ပါတီများမှ ကိုယ်စားလှယ်များနှင့် ပါတီငယ်များမှ ကိုယ်စားလှယ် များ ပိုမိုပါဝင်လာသည်ကို တွေ့ရ မည်ဖြစ်ကြောင်း။

ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ ပြီးဖြစ်သဖြင့် မကြာမီကာလ အတွင်း လွှတ်တော်ခေါ်ယူ၍ အစည်းအဝေး ကျင်းပနိုင်ရေး အတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၁၆ ရက်တွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ကျင်းပရန်နှင့် မတ် ၁၈ ရက်တွင် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးများ ကျင်းပရန် ဆောင်ရွက်လျက်ရှိပြီး ဧပြီလ ဆန်းပိုင်းတွင် သမ္မတရွေးချယ် တင်မြှောက်၍ အစိုးရသစ်တစ်ရပ် ဖွဲ့စည်းကာ နိုင်ငံတော်၏တာဝန် ကို ပြန်လည်လွှဲပြောင်းပေးအပ် သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံရေး အစိုးရများမည်ကဲ့သို့ပင် ပြောင်းလဲ သည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေး နှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ စွမ်းရည် ရှိသည့် တပ်မတော်၊ စွမ်းအားရှိ သည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး အကြီးအကဲ များက ကြိုးပမ်းဆောင်ရွက်ကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့ တတ်မြောက်ထား သည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံး ချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများ ဖြစ်အောင် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာ ဆောင်ရွက်သွားကြရန် လိုကြောင်း။

တစ်ဦးချင်း၏ တိုက်ပွဲဝင် စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လျှော့ခွက်ကြီးကျန် အလံမလဲသည့် စိတ်ဓာတ်တို့ဖြင့် သင်ယူထား သော စစ်ပညာများကို ကြံ့ရည် ဖန်ရည်ဖြင့် အသုံးချနိုင်ရန် လိုအပ် ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီ ပေါင်းစပ်၍ အဖွဲ့အစည်း၏ တိုက်ပွဲ စွမ်းရည်ကို မြှင့်တင်နိုင်ရန် လိုအပ် ကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက် ပစ္စည်းများကို အမြဲလေ့လာနေရ မည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့ အသုံးချနိုင်ရန်လို ကြောင်းနှင့် ပြည်သူက ယုံကြည် အားကိုးရသည့် စွမ်းရည်ပြည့်ဝ သော တပ်များဖြစ်အောင် အမြဲ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ကျိုင်းခမ်းတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

- ❖ **တစ်ဦးချင်း၏ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လျှော့ခွက်ကြီးကျန် အလံမလဲသည့် စိတ်ဓာတ်တို့ဖြင့် သင်ယူထားသော စစ်ပညာများကို ကြံ့ရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန်လိုအပ်ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲ စွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင် နိုင်ရန်လိုအပ်**
- ❖ **ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာ နေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်းနှင့် ပြည်သူက ယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်း**

# တိုက်ပွဲစွမ်းရည်တိုးတက်မှုရှိစေရေး စစ်သင်တန်းကျောင်းများတွင် စစ်ပညာရပ်များကို ဗိုလ်လောင်းဘဝ၊ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး စသဖြင့် အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးလျက်ရှိ





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ ခြေလျင်တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူး သင်တန်းသားများနှင့် ဗိုလ်လောင်းများအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)ရှိ အောင်ဆန်းခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် တပ်မတော်သားအားလုံး တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအား တိုးမြှင့်ရန် လိုအပ်မှုအခြေအနေများ၊ တိုက်ပွဲစွမ်းရည်တိုးတက်မှုရှိစေရေး စစ်သင်တန်းကျောင်းများတွင် စစ်ပညာရပ်များကို ဗိုလ်လောင်းဘဝ၊ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး စသဖြင့် အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကြိုးစား၍ လေ့လာ၊ လေ့ကျင့်ရန်နှင့် စစ်မြေပြင်တွင် လိုက်နာ အကောင်အထည်ဖော်ရန် လိုအပ်မှုအခြေအနေများ။

ရန်သူ ကျင့်သုံးနေသည့် စစ်နည်းဗျူဟာများကို သင်ခန်းစာဖော်ထုတ်၍ တန်ပြန်စစ်ဆင်ရေး ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများ၊ တစ်ဦးချင်းကိုယ်စီ တိုက်ပွဲစွမ်းရည် တိုးတက်မှသာ အဖွဲ့လိုက်မှစ၍ အဆင့်ဆင့် တိုးတက်လာမည့် အခြေအနေများ၊ တစ်ဦးချင်းပြင်းပြင်းထန်ထန် လေ့ကျင့်ရေးမှစ၍ စစ်မြေပြင်တွင် တိကျစွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ ရရှိလာမည့် တိုက်ပွဲစွမ်းရည်များ ပိုမိုထိရောက် အောင်မြင်မှုရှိပြီး တိုက်ပွဲစွမ်းအားနှင့် ပေါင်းစပ်အသုံးပြုတတ်ရန် လိုအပ်မှုအခြေအနေများ၊ တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားကို ဟန်ချက်ညီ ပေါင်းစပ် ဆောင်ရွက်တတ်မှသာ တိုက်ပွဲအောင်မြင်မည့် အခြေအနေများ။

ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက် လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင်သွားကြရန်လိုအပ်သည့် အခြေအနေများ၊ သို့မှသာ ကိုယ်ကျန်းမာ စိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်သည့် အခြေအနေများ၊ လေ့ကျင့် သင်ကြားထားရှိသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကိုလည်း "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်သည့် အခြေအနေများ၊ ထိုသို့အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်မှသာ ကျွမ်းကျင်မှုရှိ၍ မိမိကိုယ်ကို ယုံကြည်မှု ရှိလာမည်ဖြစ်ပြီး တိုက်ပွဲဝင်သည့်အခါ ရဲစွမ်းသတ္တိများဖြင့် အောင်ပွဲဆင်နိုင်မည်ဖြစ်သည့် အခြေအနေများ၊ ရဲစွမ်းသတ္တိသည် ပင်ကိုဗီဇပါသည့်သူ အနည်းငယ်သာရှိပြီး ကျန်းမာကြံ့ခိုင်မှု၊ စစ်နည်းဗျူဟာ ကျွမ်းကျင်မှုများဖြင့် မွေးမြူသွားကြရန် လိုအပ်သည့်အခြေအနေများ။

စစ်စည်းကမ်းနှင့် ပတ်သက်၍ တပ်မတော်သားများ၏ အသက်ခန္ဓာသည် စစ်စည်းကမ်းနှင့် အမိန့်နာခံမှုပင်ဖြစ်သဖြင့် စစ်စည်းကမ်းကို တိကျစွာလိုက်နာ၍ ပေးအပ်သော အမိန့်ကိုနာခံခြင်းဖြင့် ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည်ဖြစ်သည့် အခြေအနေများ၊ စည်းကမ်းလိုက်နာမှု၊ ကျွမ်းကျင်မှု၊ နေထိုင်ပြောဆိုမှုကို လိုက်၍ လက်အောက်၏ ယုံကြည်ကိုးစားမှု၊ လေးစားမှုကိုရရှိပြီး ခေါင်းဆောင်မှုကို ရရှိနိုင်မည်ဖြစ်သဖြင့် တပ်မတော်က ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ချက်ကို သိရှိလိုက်နာနေရန် လိုအပ်သည့်အခြေအနေများ၊ တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီ ပေးအပ်သည့် အမိန့်နှင့်တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကို အသုံးချ၍ ကျေပွန်စွာထမ်းဆောင်နိုင်ရန် လိုအပ်သည့် အခြေအနေများကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

> ★ **လေ့ကျင့်သင်ကြားထားရှိသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကိုလည်း "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်**
>
> ★ **အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်မှသာ ကျွမ်းကျင်မှုရှိ၍ မိမိကိုယ်ကို ယုံကြည်မှုရှိလာမည်ဖြစ်ပြီး တိုက်ပွဲဝင်သည့်အခါ ရဲစွမ်း သတ္တိများဖြင့် အောင်ပွဲဆင်နိုင်မည်**

ဆက်လက်၍ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာကျင်းပနိုင်ခဲ့ကာ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အခြေအနေများ၊ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူ၍ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၄ မှ

နေ့စဉ် ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှု မရှိစေရန် အရေးကြီးပြီး ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင် သွားကြရန်လိုကြောင်း၊ သို့မှသာ ကိုယ်ကျန်းမာ စိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာ ဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် နိုင်ငံတော်ကို ကာကွယ်ရန် တာဝန်ရှိသည့်အတွက် တရားသဖြင့် ပေးအပ်လာသည့် အမိန့်နှင့်တာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထိုသို့တာဝန်ထမ်းဆောင်ရာတွင် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ် ပြည့်ဝနေရန် လိုအပ်ပြီး တပ်မတော်၏ အစဉ်အလာ ၁၂ ရပ်ကိုလည်း ထိန်းသိမ်းကာကွယ်သွားကြရန်လိုကြောင်း။

စစ်ဆင်ရေးနှင့် လုံခြုံရေး တာဝန်များ ထမ်းဆောင်နိုင်ရန် ဦး၊ ရေး၊ ထောက် ပင်နီယံကို ဟန်ချက်ညီလည်ပတ်နိုင်အောင် ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်ရှိသောတပ်ကို တည်ဆောက်နိုင်ရန် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း။

တပ်မတော်သားများ၏ လုပ်ငန်းသဘောသဘာဝအရ ခက်ခဲကြမ်းတမ်း၍ ပင်ပန်းဆင်းရဲသော ရည်မှန်းချက် တာဝန်များကို ထမ်းဆောင်နေရသူများဖြစ်၍ အမြဲ ကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ သစ္စာ(၄)ချက်ကို နေ့စဉ်ရွတ်ဆိုနေကြသူများဖြစ်သည့်အတွက် သစ္စာ(၄)ချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန်၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန် လိုကြောင်းနှင့် ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပမည့် Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် တပ်နယ်များမှ ကျောင်းသား ကျောင်းသူများ ထူးချွန်စွာအောင်မြင်စေရေး တာဝန်ရှိသူများနှင့် မိဘများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲများ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာပစ္စည်းများ၊ တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သည့် ကြက်ဥများနှင့် အရာရှိ စစ်သည်၊ မိသားစုများအတူတကွ ချက်ပြုတ်စားသုံးနိုင်ရေးအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြားရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ တရားဝင်စီးပွားရေးလုပ်ငန်းများဖော်ဆောင် ရင်းနှီးမြှုပ်နှံရေး၊ နယ်စပ်ဒေသရှိ အွန်လိုင်းလောင်းကစားနှင့် တရားမဝင်လုပ်ငန်းများ ပူးပေါင်းတိုက်ဖျက်ရေးကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအပြန်အလှန် ထောက်ခံရပ်တည် သွားရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

သတင်းစဉ်



# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများ တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများသည်နိုင်ငံတော်မီဒီယာသမားများဖြစ်သည့်အတွက် မှန်ကန်သော အမြင်ရှိရန်လိုကြောင်း၊ တစ်ဦးကိုတစ်ဦး လေးစားမှုဖြင့် စုပေါင်းလုပ်ဆောင်တတ်သည့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများရှိအောင် မွေးမြူကြရန်လို ကြောင်း၊ မိမိတို့၏ တွေးခေါ်မြော်မြင်မှုကောင်းများဖြင့် နိုင်ငံနှင့်ဒေသအကျိုး၊ဌာနအကျိုးတို့ကို တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူနှင့် အစိုးရကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပြီး ပြည်သူများထံ သတင်းမှန်များရောက်ရှိအောင် ဆောင်ရွက်ကြရန်နှင့် ပြည်သူများ သတင်းအဆိပ်သင့်မှု မခံရစေရေးအတွက် ဆောင်ရွက်ပေးသွားရန် တာဝန်ရှိကြောင်း၊ ပညာရေးကဏ္ဍမြှင့်မားရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပြီး ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များဖြင့်သာ နိုင်ငံတော်တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သတင်းတု၊ သတင်းမှားများ မပျံ့နှံ့အောင်၊ သတင်းမှန်များ လူထုထံရောက်ရှိအောင် စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများက ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဖြည့်စွက်မှာကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြောင်းမြမြို့နယ်ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနက် အသက်ပြည့်မီပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများနှင့် နိုင်ငံသားကတ်ပြားပျောက်ပျက်၊ မိတ္တူလာရောက်လျှောက်ထားသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်၊ ပြောင်းထွက် ဆောင်ရွက်ကြသည့် ပြည်သူများအား ဝန်ထမ်းများက လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့နယ်ရုံးအတွင်း ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် ရုံးလက်ခံနိုင်-၄ မှတ်တမ်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများပါ အချက်အလက်များအား ရုံးချုပ်ရှိ e-ID Server မှ အချက်အလက်များနှင့် Online စနစ်ဖြင့် တိုက်ဆိုင်စိစစ်ပြင်ဆင် အတည်ပြုဆောင်ရွက်နေမှုကိုလည်းကောင်း၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Unique ID နံပါတ်ပါ ကတ်ပြားများကို ကာယကံရှင်တစ်ဦးချင်းစီထံပေးအပ်၍ မြောင်းမြမြို့နယ် ဦးစီးမှူးရုံး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့ရှိ အာဇာနည်ပရိယတ္တိစာသင်တိုက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကရုဏိကအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ထောင်ခြင်းအထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ထောင်ခြင်း (၂၇)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခေတ္တပါမောက္ခချုပ် ဒေါက်တာမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပသည်။

**ဖတ်ကြားမည်**

အဆိုပါသုတေသနစာတမ်းဖတ်ပွဲတွင် စာတမ်းပေါင်း ၈၄ စောင်ကို နှစ်ရက်တာ ဖတ်ကြားမည်ဖြစ်ပြီး နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဘာသာရပ်ပေါင်းစုံ ဈေးရောင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# Financial Management and Accounting with EXCEL သင်တန်းဖွင့်လှစ်




**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Financial Management and Accounting with EXCEL သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ကြိုးစားလေ့လာ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ သုတေသနလုပ်ငန်းများတွင် နည်းပညာကိုလက်တွေ့ အသုံးချဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် အထောက်အကူပြု အကျိုးဖြစ်ထွန်းစေရန် ကြိုးစားလေ့လာသင်ယူသွားကြရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုအရည်အချင်းများ တိုးတက်မြင့်မားလာစေရန်နှင့် လုပ်ငန်းပိုင်း ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ပြီး သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိကိုယ်ကို လေ့လာသင်ယူလိုစိတ်၊ ကြိုးစားချင်စိတ်၊ တာဝန်ထမ်းဆောင်နေသည့် အဖွဲ့အစည်း ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးလိုစိတ် စသည့် ခံယူချက်များဖြင့် သင်တန်းကာလတစ်လျှောက် သင်ယူရန်လိုအပ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ခေတ်မီတိုးတက်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် e-Government စနစ်များကို Myanmar e-Governance Master Plan ၏ လမ်းပြမြေပုံတွင် ရည်မှန်းထားသောအဆင့်များအတိုင်း အောင်မြင်စေရန် တစိုက်မတ်မတ် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တတိယအဖွဲ့အစည်း(Third Party)ကို အားကိုး၍ လုပ်ငန်းဆောင်ရွက်မှုများ လျှော့ချသွားနိုင်ရေးအတွက် ဦးစီးဌာန၊ လုပ်ငန်း၊ အဖွဲ့အစည်းများအနေဖြင့် ကိုယ်ပိုင် Software များ ရေးသားလွှင့်တင်နိုင်ရန်နှင့် IT Infrastructure များကို ကိုယ်တိုင် ကိုင်တွယ်အသုံးချစီမံခန့်ခွဲနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး Programming Language သင်တန်းနှင့် Networking ဆိုင်ရာသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်း ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ ဌာနေကိုယ်စားလှယ် မစ္စတာ အားနော့ဒီဘော့ခ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ (ICRC) ဌာနေကိုယ်စားလှယ် မစ္စတာ အားနော့ဒီဘော့ခ်နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ရန်ကုန်မြို့ အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံရှိ ခြေတုလက်တုအလုပ်ရုံ အပါအဝင် ကျန်းမာရေးဝန်ကြီးဌာန၏ ပြန်လည်သန်စွမ်းရေး ဌာနများအား နည်းပညာ အထောက်အပံ့ပေးရေး၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများပေးရေးနှင့် ၂၀၂၆ ခုနှစ်အတွင်း ဝန်ကြီးဌာနနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်စားများ ကျန်းမာရေးအခမဲ့ စောင့်ရှောက်ပေးနေမှု ကွင်းဆင်းကြည့်ရှု



**တောင်ကြီး ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစား လေ့ကျင့်ရေးရုံ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စားများအား ကျန်းမာရေး အခမဲ့စောင့်ရှောက်ပေးနေမှုကိုသွားရောက်ကြည့်ရှုပြီး အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)ပင်စင်စား ဝန်ထမ်းများအား တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတို့ ပူးပေါင်း၍သမားတော်ကြီးများက အထွေထွေရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါများ စမ်းသပ်ကုသပေးနေမှုနှင့် နွေရာသီအခြေခံ အားကစား သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုတို့ကို ကြည့်ရှုကာ အားပေးစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စားဝန်ထမ်းများအား ရှမ်းပြည်နယ် အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ပင်စင်စားတစ်ဦးအားတစ်လလျှင်စားအုန်းဆီတစ်ပိဿာ ၅၀ ကျပ်သား၊ ဆန်ရှစ်ပြည်နှုန်းဖြင့် ပင်စင်ထုတ်ရက်များတွင် လာရောက်ဝယ်ယူနေမှုနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ရှမ်းပြည်နယ် မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စားများအား ကြက်ဥ ရောင်းချပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စားများအား လစဉ် ပင်စင်လစာထုတ်ရက်ဖြစ်သည့် ၂၁ ရက်မှ လကုန်ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ကုသဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စားများ ပင်စင်လစာ ထုတ်ယူနေမှုကို သွားရောက်ကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကွမ်းခြံကုန်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မီးသတ်ဦးစီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် အထက(၁) စာစစ်ဌာနအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ကြသည်။

**မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးထွန်းနှင့်တပ်ဖွဲ့ဝင်များက၊ အထက(၁) တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးသတ်ဆေးဘူးထားရှိမှုနှင့် ရေလှောင်ကန်များထားရှိမှုစစ်ဆေးခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုများနှင့် မီးခလုတ်များ စစ်ဆေးခြင်းကို ဆောင်ရွက်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည်များကို အကြံပြုခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



## မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV suicide drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးကပါ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ အဖွဲ့အစည်းအသီးသီးမှလည်း ကန့်ကွက်ရှုတ်ချလျက်ရှိကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင်ပြည်နယ်အထူးဒေသ(၁)၊ ထာဝရငြိမ်းချမ်းရေးအဖွဲ့ချုပ် ဦးဆောင်ကော်မတီနှင့် ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီတို့ကလည်း ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း အောက်ပါအတိုင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင်ပြည်နယ်အထူးဒေသ(၁)၊ ထာဝရငြိမ်းချမ်းရေးအဖွဲ့ချုပ် ဦးဆောင်ကော်မတီ သဘောထားထုတ်ပြန်ချက်

ရက်စွဲ ။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းကို KIO / KIA လက်အောက်ရှိ PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့မှ FPV Suicide Drone များအသုံးပြု၍ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များကို သေဆုံးစေရန် ရည်ရွယ်၍ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ထိုသို့ တိုက်ခိုက်မှုကြောင့် ဖုံးစထိမှန်ပြီး လေယာဉ်အနည်းငယ် ထိခိုက်မိ၍ ခရီးစဉ်ရပ်နားခဲ့ရပါသည်။

၂။ ကံကောင်းထောက်မစွာ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ဤအကြမ်းဖက်အဖွဲ့၏ လုပ်ရပ်သည် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်သည့်အပြင် ကုန်ဈေးနှုန်းများပါ မြင့်တက်လာနိုင်ပါသည်။ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူသွားလာရေးနှင့် ကုန်သွယ်မှုအတွက် များစွာအထောက်အကူပြုသည့် လေဆိပ်ကို အကြမ်းဖက်အဖွဲ့မှ တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများအပေါ် ပြည်သူများက စက်ဆုပ်ရွံရှာစွာ ရှုတ်ချလျက်ရှိသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ထာဝရငြိမ်းချမ်းရေးအဖွဲ့ချုပ် ဦးဆောင်ကော်မတီအနေဖြင့်လည်း အဆိုပါ ဆင်ခြင်တုံတရားကင်းမဲ့စွာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်ပါသည်။

ပုံ/

**ဦးဆောင်ကော်မတီ**

## ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

ရက်စွဲ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၂၃)ရက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက် ည ၈နာရီ ၁၂ မိနစ်အချိန်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ATR- 72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်ကို အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့မှ FPV Suicide Drone များ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူများသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် များစွာအထောက်အကူပြု အသုံးပြုလျက်ရှိသော အရပ်ဘက်လေကြောင်းလိုင်းအား ဤကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုအား မိမိတို့ ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါသည်။

**ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ**

## "ထက်" ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-5 နှင့် Grade-9 ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုခွင့်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဖေဖော်ဝါရီ ၂၃ ရက်က စတင်ကျင်းပသော နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်း Grade-5 နှင့် Grade-9 စာမေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ နန်းတော်ရာရပ်ရှိ "ထက်" ကိုယ်ပိုင်အထက်တန်းကျောင်းတွင် တက်ရောက်လျက်ရှိသည့် Grade-5 ကျောင်းသား ကျောင်းသူ ၇၂ ဦးနှင့် Grade-9 ကျောင်းသား ကျောင်းသူ ၈၉ ဦး စုစုပေါင်း ၁၆၁ ဦးတို့သည် ဖြေဆိုခွင့်ကတ်ပြားများ လက်ဝယ်ရှိသော်လည်း စာစစ်ဌာနသို့ သွားရောက်ဖြေဆိုရာတွင် ဖြေဆိုခွင့်မရရှိခဲ့သော ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

"ထက်" ကိုယ်ပိုင်အထက်တန်းကျောင်းသည် ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ ဠ နှင့် ပုဒ်မခွဲ ဍ တွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ကျင်းပသော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ ပိတ်သိမ်းရန် ဆုံးဖြတ်ထားသည့်ကျောင်းဖြစ်သည်။

ဖြစ်စဉ်အမှန်မှာ "ထက်" ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အမှန်တကယ်တက်ရောက်ပြီး စာရင်းသွင်းထားသော ကျောင်းသား ကျောင်းသူများ မနစ်နာစေရန် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နှစ်ကုန်အထိ ခွင့်ပြုခဲ့ပြီး အခန်းဆုံးတတ်မြောက်မှု စစ်ဆေးခြင်း(၂)ကြိမ်၊ နှစ်ဝက်ဆုံး တတ်မြောက်မှု စစ်ဆေးခြင်း(၁)ကြိမ် ဖြေဆိုခဲ့သော Grade-5 ကျောင်းသား ကျောင်းသူ ၄၀ နှင့် Grade-9 ကျောင်းသား ကျောင်းသူ ၄၀ စုစုပေါင်း ၈၀ တို့ကိုသာ ယခုကျင်းပလျက်ရှိသော နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်းအား ဖြေဆိုခွင့်ပြုခဲ့သည်။

ယခုဖြစ်စဉ်တွင် ပါဝင်သော Grade-5 ကျောင်းသား ကျောင်းသူ ၇၂ ဦးနှင့် Grade-9 ကျောင်းသား ကျောင်းသူ ၈၉ ဦး စုစုပေါင်း ၁၆၁ ဦးတို့သည် ကျောင်းအပ်နှံစာရင်းတွင် ပါဝင်မှုမရှိခြင်း၊ ၎င်းကျောင်းမှ လစဉ်(ဇွန်လမှ ဖေဖော်ဝါရီလထိ) တင်ပြခဲ့သော ကျောင်းသားလချုပ်စာရင်းတွင် ပါဝင်မှုမရှိခြင်း၊ နှစ်ဆုံးစာမေးပွဲဖြေဆိုသူစာရင်း(သွင်းစာရင်း)တွင် ပါဝင်မှုမရှိခြင်း၊ ၎င်းကျောင်းသို့ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးချိန်တွင်လည်း ဖော်ပြပါ ကျောင်းသားများသည် အမှန်တကယ် ကျောင်းတက်ရောက်မှုမရှိခြင်း၊ အခန်းဆုံးနှင့် နှစ်ဝက်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်း (၃)ကြိမ် ဖြေဆိုထားသည့် အထောက်အထားများ မရှိသည့်အတွက် မူဝါဒအရ စာမေးပွဲဖြေဆိုခွင့်မရရှိခြင်းကို သိရှိသော်လည်း ဖြေဆိုခွင့်ကတ်ပြားများ ရယူခဲ့ခြင်းဖြစ်သည်။

ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော ကျောင်းသားများအား စစ်ကိုင်းခရိုင်ပညာရေးမှူးသည် ဖြေဆိုခွင့်ကတ်ပြားများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ပေးခဲ့သည့်အတွက် ယခုကဲ့သို့ဖြစ်ပွားခဲ့ခြင်းအပေါ် ၎င်းခရိုင်ပညာရေးမှူးအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ဆိပ်ကြီးခနောင်တိုမြို့နယ် လက်ပံကုန်း-အကောက်စခန်းသို့ မည်သူမဆို လာရောက်လည်ပတ် အပန်းဖြေအနားယူနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်း ဒေသကြီး ဆိပ်ကြီးခနောင်တို မြို့နယ် လက်ပံကုန်း- အကောက်စခန်း အပန်းဖြေနေရာကို ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဖွင့်လှစ်ထားရှိရာ မည်သူမဆို လာရောက်လည်ပတ် အပန်းဖြေ အနားယူနိုင်ကြောင်း သိရသည်။

လက်ပံကုန်း-အကောက်စခန်းမှာ ဆိပ်ကြီးခနောင်တိုမြို့နယ် တွံတေးတူးမြောင်း ၃ ဒသမ ၅ မိုင်တွင်တည်ရှိပြီး ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ဒေသခံပြည်သူများအပြင် ရန်ကုန်မြို့တွင်းမှ ဆိပ်ကြီးခနောင်တို ကျွန်းပတ်ခရီးစဉ် အပျော်စီးသင်္ဘောဖြင့် လာရောက်လည်ပတ် အပန်းဖြေသူများလည်း ရှိပြီး လာရောက် လည်ပတ်သူများ သက်သောင့်သက်သာ နားနေ အပန်းဖြေနိုင်ရန် ထိုင်ခုံများ၊ ထီးအမိုးများ စီစဉ်ဆောင်ရွက်ထားသည့်အပြင် အစာပြေဝယ်ယူစားသုံးနိုင်ရန်အတွက် အုန်းရေ၊ ကော်ဖီ၊ အအေး၊ လက်ဖက်သုပ်နှင့် အခြားစားသောက်ဖွယ်ရာများကိုလည်း ဈေးနှုန်းသင့်တင့်စွာ ရောင်းချပေးလျက်ရှိသည်။

**အပန်းဖြေအနားယူနိုင်**

အဆိုပါ ဆိပ်ကြီးခနောင်တို မြို့နယ် (လက်ပံကုန်း-အကောက်စခန်း) အပန်းဖြေနေရာကို နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်လျက်ရှိရာ မည်သူမဆို လွတ်လပ်စွာ လာရောက်လည်ပတ် အပန်းဖြေ အနားယူနိုင်ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**



# GACC မှတ်ပုံတင်ခြင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ ဆောင်ရွက်မှုအကြောင်း သိကောင်းစရာ

GACC ဆိုသည်မှာ (The General Administration of Customs of the People's Republic of China) တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ကို အတိုကောက်ခေါ်ခြင်းဖြစ်ပါသည်။

GACC သည် အမိန့်ကြေညာချက် (၂၄၈) အား ၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ရာ **"တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအစာ တင်သွင်းသည့် ပြည်ပနိုင်ငံများမှ လုပ်ငန်းကုမ္ပဏီများသည် GACC တွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ (China Reg. Number) တရုတ်နိုင်ငံ၏ မှတ်ပုံတင်အမှတ်ရရှိထားသည့် အစားအသောက်ကုန်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုမည်"**ဟု ဖော်ပြထားပါသည်။ [***အစားအသောက် ကုန်ပစ္စည်းများဆိုသည်မှာ အစားအသောက်ထုတ်လုပ်ရန်အတွက် တင်သွင်းလာသော (Agricultural Products: Raw) စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ဆိုလိုသည်]။

**မြန်မာနိုင်ငံအတွက် ကြီးမားသောဈေးကွက်**

မြန်မာနိုင်ငံ၌ သီးနှံမျိုးစုံကို ကွဲပြားခြားနားသော ရာသီဥတုအမျိုးမျိုးရှိသည့်ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့လည်း တင်ပို့ရောင်းချလျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ များပြားသောလူဦးရေကြောင့် မြန်မာနိုင်ငံအတွက် ကြီးမားသော ဈေးကွက်တစ်ခုအဖြစ် ရှိနေပါသည်။

တရုတ်နိုင်ငံ GACC အနေဖြင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား GACC မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနကို (အစေ့အဆန်များ)၊ (၂) **Dried Fruits** (သစ်သီးခြောက်များ)၊ (၃) **Grain milling industrial products and Malt** (စက်ရုံထုတ်ကြိတ်ထားသော နှံစားသီးနှံအမှုန့်များ)နှင့် (၄) **Dehydrated Vegetables** (ရေခဲတတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များ)တို့ကို Online System ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန (Competent Authority) မှ ထုတ်ပေးသော Sub-Account ဖြင့် https://www.cifer.singlewindow.cn တွင် ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပါသည်။ GACC မှတ်ပုံတင်ရရှိမှုကို https://ciferquery.singlewindow.cn/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကုန်စည်စု ခုနစ်မျိုးဖြစ်သည့် (၁) **Edible Grains** (စားသုံးနိုင်သောနှံစားအစေ့အဆန်များ)၊ (၂) **Oil Seeds** (ဆီထွက်သီးနှံစေ့များ)၊ (၃) **Dried Beans** (ပဲမျိုးစုံ)၊ (၄) **Unroasted Coffee Beans** (မလှော်ရသေးသည့် ကော်ဖီစေ့များ)၊ (၅) **Fresh Vegetables** (လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ)၊ (၆) **Plant-derived Seasonings (Plant Spices)** (အပင်မှရရှိသော ဟင်းခတ်အမွှေးအကြိုင်များ)၊ (၇) **Plant-derived Traditional Chinese Medicine Materials** (အပင်မှရရှိသော တရုတ်တိုင်းရင်းဆေးပစ္စည်းများ)တို့ကို Manual System ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီး အင်းစိန် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။

**ဝင်ရောက်ကြည့်ရှုနိုင်**

လျှောက်ထားသော ကုန်ပစ္စည်းများ၏ သိုလှောင်ရုံများ၊ ပြုပြင်ထုပ်ပိုးမှုများကို စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီသော လျှောက်ထားမှုများကို စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် GACC မှတ်ပုံတင်ရရှိရေးအတွက် ထောက်ခံပေးပို့လျှောက်ထားပေးလျက်ရှိပါသည်။ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် GACC မှတ်ပုံတင်ရရှိမှုအား တရုတ်နိုင်ငံ GACC ၏ Website များဖြစ်သော http://scintl.chinaport. gov.cn/aprwebserver/pages/apr/public/html/companyList.html နှင့် http://dzs.customs.gov.cn/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ခြင်း**




Competent Authority (သက်ဆိုင်ရာအာဏာပိုင်အဖွဲ့)အဖြစ် သတ်မှတ်လက်ခံထားပြီး စိုက်ပျိုးရေးဦးစီးဌာန၏ စစ်ဆေးထောက်ခံချက်ဖြင့် ပေးပို့လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ယခင်နှစ်ပေါင်းများစွာကတည်းက လွတ်လပ်စွာ ကုန်သွယ်မှုခွင့်ပြုပြီးဖြစ်သော မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား GACC တွင် တရားဝင်မှတ်ပုံတင်ခွင့်ပြုပေးပြီး တင်သွင်းခွင့်ပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား GACC မှတ်ပုံတင်လျှောက်ထားရာတွင် ကုန်စည်စု လေးမျိုးဖြစ်သည့် (၁) **Nuts and Seeds**

ကုန်စည်စုတစ်ခုချင်းတွင်ပါဝင်သည့် ကုန်ပစ္စည်းအမျိုးအမည်များနှင့် ကုန်စည်စုအလိုက် လျှောက်ထားရမည့်စနစ်ကို ဇယားတွင် ဖော်ပြထားပါသည်-

## ဒေါက်တာဝင်းသန်း (DOA)

| စဉ် | ကုန်ပစ္စည်း အမျိုးအမည် (အင်္ဂလိပ်) | ကုန်ပစ္စည်း အမျိုးအမည် (မြန်မာ) | ကုန်စည်စုနှင့် လျှောက်ထားရမည့်စနစ် |
|---|---|---|---|
| **Online System စနစ်ဖြင့် လျှောက်ထားရမည့် ကုန်စည်စု လေးမျိုးနှင့် ကုန်ပစ္စည်းအမျိုးအမည်များ** | | | |
| ၁ | Dried Cashews | သီဟိုဠ်စေ့ | Nuts and Seeds (အစေ့အဆန်များ) |
| ၂ | Dried Mango | သရက်သီးခြောက် | Dried fruit (သစ်သီးခြောက်များ) (၂ မှ ၈ ထိ) |
| ၃ | Dried Coconut, Coconut Meat | အုန်းသီးခြောက်၊ အုန်းသီးဆန် | |
| ၄ | Dried Olives | သံလွင်သီးခြောက် | |
| ၅ | Sea Copra | အုန်းသီး(အသေး) | |
| ၆ | Dried Longan | လောင်ဂန်သီးခြောက် | |
| ၇ | Dried Tamarind | မန်ကျည်းသီး (အချို) | |
| ၈ | Dried jujube | ဆီးသီးခြောက် | |
| ၉ | Buckwheat Flour | ပန်းဂျုံမှုန့် | Cereal milling industrial products and malt(စက်ရုံထုတ်ကြိတ်ထားသော နှံစားသီးနှံအမှုန့်များ) |
| ၁၀ | Dried Konjac | ဝဥခြောက် | Dehydrated Vegetables (ရေခဲတတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များ) |
| **Manual System စနစ်ဖြင့် လျှောက်ထားရမည့် ကုန်စည်စု ခုနစ်မျိုးနှင့် ကုန်ပစ္စည်းအမျိုးအမည်များ** | | | |
| ၁၁ | Sorghum | နှံစားပြောင်း | Edible Grains (စားသုံးနိုင်သော နှံစားအစေ့အဆန်များ) (၁၁ မှ ၁၆ ထိ) |
| ၁၂ | Millet (millet) | လူး၊ ဆပ် | |
| ၁၃ | Buckwheat | ပန်းဂျုံ | |
| ၁၄ | Husk Millet | အခွံမပါ လူး၊ ဆပ် | |
| ၁၅ | Shelled Buckwheat | အခွံမပါ ပန်းဂျုံ | |
| ၁၆ | Shelled Millet | အခွံမပါ လူး၊ ဆပ် | |
| ၁၇ | Peanut | မြေပဲ | Oil Seeds (ဆီထွက်သီးနှံစေ့များ) (၁၇ မှ ၂၀ ထိ) |
| ၁၈ | Sesame | နှမ်း | |
| ၁၉ | Cotton Seed | ဝါစေ့ | |
| ၂၀ | Oil Palm Fruit and Oil Palm Kernel | ဆီအုန်းသီးနှင့် အဆန် | |
| ၂၁ | Dried Butter beans | ထောပတ်ပဲ | Dried Beans (ပဲမျိုးစုံ) (၂၁ မှ ၃၄ ထိ) |
| ၂၂ | Dried red beans/ Adzuki beans | ပတ္တမြားပဲ/ပဲတီနီ | |
| ၂၃ | Dried Red Kidney Beans | မြေထောက်ပဲ(အသေး) | |
| ၂၄ | Dried Cowpeas | ပဲလွမ်း | |
| ၂၅ | Dried peas | ပဲစိမ်း | |
| ၂၆ | Dried kidney beans | မြေထောက်ပဲ၊ ပဲဇီးကွက် | |
| ၂၇ | Dried pearl beans/White bean | နိုင်လွန်ပဲ၊ ပဲစာဥ | |
| ၂၈ | Dried lentils | ပဲနီလေး/ ပဲရာဇာ | |
| ၂၉ | Dried broad beans | တောင်ကြီးပဲ/ပဲကြီး | |
| ၃၀ | Dried rice beans | ပဲယင်းနီ | |
| ၃၁ | Dried black beans | မတ်ပဲ | |
| ၃၂ | Dried mung beans | ပဲတီစိမ်း | |
| ၃၃ | Dried Eyebrow Peas | ပဲလွမ်းဖြူ | |
| ၃၄ | Dried bamboo beans | ပဲယင်းဝါ | |
| ၃၅ | Coffee Beans | မလှော်ရသေးသည့် ကော်ဖီစေ့ | Unroasted coffee beans (မလှော်ရသေးသည့် ကော်ဖီစေ့များ) |
| ၃၆ | Fresh Garlic Moss and Garlic Sprouts (including Green Garlic) | ကြက်သွန်ဖြူနှင့် ကြက်သွန်မြိတ်(အစို) | Fresh vegetables (လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ) (၃၆ မှ ၄၄ ထိ) |
| ၃၇ | Fresh Garlic | ကြက်သွန်ဖြူ (အစို) | |
| ၃၈ | Fresh Onions | ကြက်သွန်နီ (အစို) | |
| ၃၉ | Fresh Peppers (including Bell Peppers) | ငရုတ်(အစို) (ငရုတ်ပွများအပါအဝင်) | |
| ၄၀ | Fresh Konjac | ဝဥ (အစို) | |
| ၄၁ | Pumpkin, Winter Squash and Gourd (Cucurbita),Fresh | ရွှေဖရုံသီး၊ ဖရုံမျိုးရင်းများ၊ ဘူးသီး(အစို) | |
| ၄၂ | Fresh Yam | မြောက်ဥ(အစို) | |
| ၄၃ | Cowpeas and Kidney Beans, Fresh (whether depodded or not) | ပဲလွမ်း၊ မြေထောက်ပဲ (အစို) | |
| ၄၄ | Dried Taro | ပိန်းဥခြောက် | |

စာမျက်နှာ ၁၁ သို့ ❋

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခု အတည်ပြုပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၆)အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့်ပစ္စည်းနမူနာပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့်လုပ်ငန်းမှာ အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုသော Polyester အမျိုးမျိုး၊ Synthetic Fabrics and Lining Materials ထုတ်လုပ်၍ ပြည်တွင်း၌ ၁၀၀ ရာခိုင်နှုန်း ရောင်းချခြင်းလုပ်ငန်းဖြစ်ကာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၂၅ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၂၂၅ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် မတည်ရင်းနှီးငွေတိုးမြှင့်မည့်လုပ်ငန်းနှစ်ခုအပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၃ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့်အာကာသ(ပန်းချီ၊ ကာတွန်း၊ ပိုစတာ) နွေရာသီပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍အမှာစကားပြောကြားသည်။



ဆက်လက်၍ မြန်မာအာကာသအေဂျင်စီမှ အမှုဆောင်အရာရှိချုပ်က လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ တက်ရောက်လာသူများက ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် အာကာသ (ပန်းချီ၊ ကာတွန်း၊ ပိုစတာ) နွေရာသီပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအဆင့် အာကာသ(ပန်းချီ၊ ကာတွန်း၊ ပိုစတာ) နွေရာသီပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် နွေရာသီအားကစားသင်တန်းများ ဖွင့်ပွဲတက်ရောက်

**ထားဝယ် ဖေဖော်ဝါရီ ၂၄**

တနင်္သာရီတိုင်း ဒေသကြီး လူငယ်ရေးရာ ကော်မတီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းများဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်များက မြန်မာ့သိုင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ အေရိုးဗစ်အဖွဲ့များ၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးသည်။

နွေရာသီ အားကစားသင်တန်းများတွင် ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ကရာတေးဒို၊ ဂျူဒို၊ ဘတ်စကက်ဘော၊ မြန်မာ့သိုင်း၊ စားပွဲတင်တင်းနစ်၊ လက်ဝှေ့၊ တင်းနစ်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ အေရိုးဗစ်၊ ခရစ်ကက်၊ ဂေါက်သီး စသည့် သင်တန်းများကို မတ် ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၉၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော်ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က လွှတ်တော်ရုံး အဆောက်အအုံ ပရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းသပ်ရပ် စနစ်တကျရှိစေရေး ဆောင်ရွက်ထားရှိမှု၊ လွှတ်တော် ကိုယ်စားလှယ်များ နားနေဆောင်များ၌ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လွှတ်တော်ရုံး အစည်းအဝေးခန်းမ၊ ဆွေးနွေးပွဲခန်းမ၊ ဧည့်ခန်းမ၊ နားနေခန်းများ ဆောင်ရွက်ထားရှိမှု၊ ရုံးလုပ်ငန်းများနှင့် ရှေ့ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီး ချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❈ စာမျက်နှာ ၁၀ မှ

| | | | |
|---|---|---|---|
| ၄၅ | Star Anise | နာနတ်ပွင့် | Plant-derived seasonings (အပင်မှရရှိသော ဟင်းခတ်အမွှေးအကြိုင်များ) (၄၅ မှ ၅၀ ထိ) |
| ၄၆ | Black Pepper | ငရုတ်ကောင်း | |
| ၄၇ | Turmeric | နနွင်း | |
| ၄၈ | Dried Chili | ငရုတ်သီးခြောက် | |
| ၄၉ | Cinnamon and Cinnamon Flower | သစ်ကြမ်းပိုးခေါက်နှင့် အပွင့် | |
| ၅၀ | Ginger | ချင်း | |
| ၅၁ | Chinese Traditional Medicines | တရုတ်တိုင်းရင်းဆေးများ | Plant-derived traditional Chinese medicine materials (အပင်မှရရှိသော တရုတ်တိုင်းရင်းဆေးပစ္စည်းများ) |

**❛ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် GACC မှတ်ပုံတင်လျှောက်ထားပေးလျက်ရှိရာ ၃၁-၁-၂၀၂၆ ရက်နေ့အထိ GACC တွင် မှတ်ပုံတင်ရရှိထားသော ကုမ္ပဏီစုစုပေါင်း ၂၃၀၈ ခုရှိပြီး စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။ မြန်မာ့ထွက်ကုန်များသည်လည်း တရုတ်ဈေးကွက်သို့ အရည်အသွေးပြည့်မီစွာ ဝင်ရောက်နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏ သိသိသာသာ တိုးတက်လာခဲ့ ❜**

GACC မှတ်ပုံတင် လျှောက်ထားရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် လျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၏ Website ဖြစ်သော https://www.doa.gov.mm နှင့် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: ဖြစ်သော https://ppd.doa.gov.mm/ တို့တွင် ဖော်ပြထားပြီး Download (ဒေါင်းလုတ်)ရယူ၍ လျှောက်ထားနိုင်ပါသည်။

ထို့ပြင် ဈေးကွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်သီးနှံအမည်သစ်များ တင်ပို့နိုင်ရေးအတွက်လည်း တရုတ် – မြန်မာ နှစ်နိုင်ငံ ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်နိုင်ငံ သဘောတူညီချက် (Protocol) လက်မှတ်ရေးထိုးပြီးဖြစ်သော (၁) ဆန်/ဆန်ကွဲ၊ (၂) ပြောင်း၊ (၃) ငှက်ပျောသီး၊ (၄) ပဲပုပ်၊ (၅) နာနတ်သီးနှင့် (၆) မက္ကာဒေးမီးယားတို့ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် GACC မှတ်ပုံတင်လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest – EOI) တင်ပြရန် ဖိတ်ခေါ်၍ သတ်မှတ်အရည်အချင်း၊ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီမှုရှိသော လုပ်ငန်းကုမ္ပဏီများ၊ စိုက်ခင်း/ခြံများ၊ ပြုပြင်ထုပ်ပိုးရုံများကို GACC မှတ်ပုံတင်ရရှိရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် GACC မှတ်ပုံတင် လျှောက်ထားပေးလျက်ရှိရာ ၃၁-၁-၂၀၂၆ ရက်နေ့အထိ GACC တွင် မှတ်ပုံတင်ရရှိထားသော ကုမ္ပဏီစုစုပေါင်း ၂၃၀၈ ခုရှိပြီး စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။ မြန်မာ့ထွက်ကုန်များသည်လည်း တရုတ်ဈေးကွက်သို့ အရည်အသွေးပြည့်မီစွာ ဝင်ရောက်နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏ သိသိသာသာ တိုးတက်လာခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု တိုးတက်မြင့်မားစေရန် ဆောင်ရွက်ရုံသာမက အခြားနိုင်ငံတကာ ဈေးကွက်ရရှိရေးအတွက် (Technical Market Access Information: TMA Information) နည်းပညာအချက်အလက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား ရေးသားပြုစု၍ ကုန်သွယ်ဖက်နိုင်ငံများ၏ လိုအပ်ချက်အရ ညှိနှိုင်းပေးပို့လျက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနသည် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ဈေးကွက်ရရှိရေး၊ ပို့ကုန်ပမာဏ တိုးတက်တင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်များတင်ပို့လိုသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် GACC မှတ်ပုံတင်ရရှိမှသာ တင်ပို့နိုင်မည်ဖြစ်ပါကြောင်းနှင့် GACC မှတ်ပုံတင်ရရှိရေးအတွက် လိုအပ်သည့် ကူညီမှုများနှင့် ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်းသိရှိနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဘူးဂါးကုမ္ပဏီ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၄**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်အတွက် လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဘူးဂါးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**ပြောကြား**

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း လက်ရှိလျှပ်စစ်ဓာတ်အားကို ချီဖွေငယ်တစ်ခုတည်းကသာ ဖြန့်ဖြူးပေးနိုင်သည့်အတွက် မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်အတွက် အုပ်စုခွဲ၍ တစ်ရက်လျှင် ၆ နာရီခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ကြောင်း၊ ဘူးဂါးပိုင် မလိဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေးအတွက် (၆၆)ကေဗွီဓာတ်အားလိုင်းအားလိုင်း ၂ဒသမ၈မိုင်ကိုပြောင်းရွှေ့တည်ဆောက်နိုင်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ၎င်းဓာတ်အားရရှိပါက မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့တို့အား ပိုမိုဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အပြင် ပြည်သူများ၏ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ဘူးဂါးကုမ္ပဏီအနေဖြင့် မလိဓာတ်အားပို့လွှတ်ဖြန်းဖြူးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြည်နယ်ဦးစီးမှူးက မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်တို့ကို ချီဖွေငယ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေနှင့် အချိန်တိုးမြှင့် ဖြန့်ဖြူးပေးနိုင်ရေးအတွက် မလိဓာတ်အားရရှိရေး စစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင် အဖွဲ့ဝင် ဦးလမိုင်ခွန်ဂျာက (၆၆)ကေဗွီဓာတ်အားလိုင်းပြင်ဆင်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာများ၊ ဘူးဂါးကုမ္ပဏီမှ တာဝန်ရှိသူများက မလိလျှပ်စစ်ဓာတ်အား ထုတ်လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် (၆၆)ကေဗွီ ဓာတ်အားလိုင်း ၂ဒသမ ၈ မိုင်ခန့် အသစ်တည်ဆောက်နိုင်ရေးအတွက် ကွင်းဆင်းတွေ့ရှိချက်များ၊ အခက်အခဲနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မလိခခန်းမ၌ ကျင်းပသည့် ပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်း Grade-12 စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးက တက္ကသိုလ်ဝင်စာမေးပွဲအတွက် မေးခွန်းလွှာများနှင့် အဖြေလွှာများ သတ်မှတ်ချိန်အမီ မြို့နယ်အလိုက် ပေးပို့ရောက်ရှိစေရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ် အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ပညာရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲတွင် စာရင်းသွင်းထားသူဦးရေ ၁၁၈၅၄ ဦးနှင့် အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေး စာမေးပွဲအတွက် စာရင်းသွင်းထားသူဦးရေ ၂၀၀ တို့အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်များအလိုက် စာမေးပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ဆွေးနွေးပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တန့်ယန်းမြို့နယ် လုံမုံကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်း ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**တန့်ယန်း ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် လုံမုံကျေးရွာအုပ်စု ကျေးရွာချင်းဆက် ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။



အဆိုပါ လုံမုံကျေးရွာအုပ်စု ပန်မောင်-ကုန်းကော်-ဟွေပူ-ပါဖန်-လုံတွေ-နမ့်ပိန်-နမ့်ပတ်-ကွန်ဟုန်း-တော်လောက် ကျေးရွာချင်းဆက်လမ်း ၁၁/၇ မိုင်ပေါ်တွင် ၅/၂မိုင်အားဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ ၃၂၃ ဒသမ ဝ၂ဝ သန်းဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် လုံမုံကျေးရွာအုပ်စု၊ ဟိုမန်းကျေးရွာအုပ်စုနှင့် လွယ်စေးကျေးရွာအုပ်စုအတွင်းမှ တောင်ပေါ်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ အနီးအနားရှိ ကျေးရွာပေါင်း ၁၅ ရွာကို တိုက်ရိုက်အကျိုးပြုနိုင်သည့်လမ်း ဖြစ်ကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာန ဝေဘာဂီနယ်မြေမီးသတ်စခန်း၊ ရွှေပေါက်ကံနယ်မြေ မီးသတ်စခန်းတို့မှ တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၄ ရက်တွင် သက်ဆိုင်ရာနယ်မြေများအလိုက် ရပ်ကွက်များသို့ တစ်အိမ်တက်ဆင်း အသိပညာပေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

သက်လွင်စိုး(ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအတန်းများ နှစ်ဆုံးစာမေးပွဲ အေးချမ်းပျော်ရွှင်စွာဖြေဆိုလျက်ရှိ



**ကျိုက်ထို ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအတန်းများအတွက် နှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီမှ စတင်ဖြေဆိုခဲ့ရာ ယနေ့တွင် ဒုတိယနေ့အဖြစ် အေးချမ်းစွာဆက်လက်ဖြေဆိုခဲ့ကြသည်။

ယင်းသို့ စာမေးပွဲဖြေဆိုနိုင်ရန် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးလှဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးအောင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပညာရေး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေး လိုက်လံကြည့်ရှုသည်။

ကျိုက်ထိုမြို့နယ်တွင် နှစ်ဆုံးစာမေးပွဲ Grade – 5 ဖြေဆိုရန် စာစစ်ဌာန ၂၅ ခုတွင် ဖြေဆိုရန်စာရင်းရှိ ကျောင်းသား ကျောင်းသူ ၃၁၉၀ မှ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၃၀၃၀၊ ပျက်ကွက်သူ ၁၆၀ ရှိကြောင်းနှင့် အလယ်တန်းအဆင့် Grade – 9 ဖြေဆိုရန်စာစစ်ဌာန ရှစ်ခုတွင် ဖြေဆိုရန်စာရင်းရှိ ၆၆၈ ဦးမှ ဝင်ရောက်ဖြေဆိုသူ ၆၃၁ ဦးနှင့် ပျက်ကွက်သူ ၃၇ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

# ကော့မှူးမြို့နယ် မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

**ကော့မှူး ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ ညနေပိုင်းက မြို့မဈေးရှေ့၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းက အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ် ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ဈေးများ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြောကြားသည်။



ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသုံးစွဲမှုနှင့်ပတ်သက်၍ လက်တွေ့ မီးငြိမ်းသတ်ခြင်း၊ မီးငြိမ်းသတ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြ ကြောင်းသိရသည်။

ကျော်သူရ(ကော့မှူး)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကနေဒါဝန်ကြီးချုပ် ဂျပန်နိုင်ငံသို့ သွားရောက်မည်




တိုကျို ဖေဖော်ဝါရီ ၂၄

ကနေဒါဝန်ကြီးချုပ် မက်ခ်ကာနေး သည် လာမည့်သီတင်းပတ်အတွင်း ဂျပန်နိုင်ငံသို့သွားရောက်ကာ ဝန်ကြီးချုပ် တကာချီဆာနေးနှင့် တွေ့ဆုံဆွေးနွေး မည်ဖြစ်ကြောင်း သိရသည်။ ကနေဒါ ဝန်ကြီးချုပ်အဖြစ် ရာထူးတာဝန်များကို စတင်ထမ်းဆောင်ပြီးနောက် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်ခြင်းဖြစ်သည်။

မက်ခ်ကာနေးသည် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၇ ရက်အတွင်း အိန္ဒိယ၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။ ဂျပန်နှင့်ကနေဒါကြား သတ္တုနှင့် သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆွေးနွေးမှုများအတွင်း ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် လွတ်လပ်ပွင့်လင်းသည့် အင်ဒို-ပစိဖိတ်ဒေသ ဖြစ်လာစေရေး အထောက်အကူပေးရန် ကိစ္စရပ်များကိုပါဆွေးနွေးမည်ဖြစ်သည်။ ကနေဒါဝန်ကြီးချုပ်သည် ရာထူးတာဝန်များကို စတင်ထမ်းဆောင်ချိန်ဖြစ်သည့် ၂၀၂၅ ခုနှစ် မတ်လမှစတင်၍ ဒေသတွင်း စီးပွားရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် တာဝန်များခွဲဝေရယူရန် အမေရိကန်အစိုးရ၏ တောင်းဆိုမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ မက်ခ်ကာနေးသည် ပြီးခဲ့သည့်လအတွင်းက တရုတ်နိုင်ငံသို့သွားရောက်ကာ သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် စီးပွားရေးနှင့် စွမ်းအင်ကဏ္ဍများတွင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူညီခဲ့သည်။ ကနေဒါနိုင်ငံအနေဖြင့် ၎င်း၏ ကြွယ်ဝသည့်စွမ်းအင်နှင့် သတ္တုအရင်းအမြစ်များကို သုံးစွဲကာ ကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှုဖြစ်

ဂျကာတာ ဖေဖော်ဝါရီ ၂၄

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှုဖြစ်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။ ဆာနာနှင့် ဒန်ပါဆာဒေသများတွင် ရေကြီးရေလျှံမှု ဖြစ်ခဲ့သည်။ ဆာနာရှိ ဂျာလန်ဗူမီအယူဒေသနှင့် ဂျာလန်ကီဆာရီဒေသများ အပါအဝင် ဒန်ပါဆာရှိ ဂျာလန်ဂူနန်အက်နာဒေသတွင် ရေအမြင့် ၁ ဒသမ ၅ မီတာအထိ ရောက်ရှိခဲ့ပြီး ဒေသတွင်း ခရီးသွားလုပ်ငန်းများကို အကျိုးသက်ရောက်မှုများရှိကြောင်း သိရသည်။ ပြည်ပခရီးသွားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။



ဖေဖော်ဝါရီ ၂၄ ရက် မနက်ပိုင်းတွင် ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ရေနစ်သူများကို တွေ့ရှိကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

လာမည့်ရက်များအတွင်း မိုးများရွာသွန်းနိုင်သဖြင့် သတိပြုနေထိုင်ကြရန် တာဝန်ရှိသူများက သတိပေးပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# တူကီယဲနိုင်ငံ၏ ဆိုလာနှင့် လေစွမ်းအင်မှ ဓာတ်အားထုတ်လွှတ်မှုသည် နိုင်ငံအတွင်း ဓာတ်အားထုတ်လွှတ်မှု၏ သုံးပုံတစ်ပုံကို ကိုယ်စားပြု

အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၂၄

တူကီယဲနိုင်ငံ၏ ဆိုလာနှင့်လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုသည် တစ်နိုင်ငံလုံးရှိလျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု၏သုံးပုံတစ်ပုံကို ကိုယ်စားပြုနေကြောင်း စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီလကုန်တွင် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုပမာဏသည် ၁၂၃၂၈၄ မဂ္ဂါဝပ်ရှိခဲ့ရာတွင် ဆိုလာနှင့်လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ၄၀၆၈၉ မဂ္ဂါဝပ် ထုတ်လွှတ်ခဲ့ပြီး စုစုပေါင်းလျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု၏ ၃၃ ရာခိုင်နှုန်းရှိကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ အစိုးရအနေဖြင့် ၂၀၃၅ ခုနှစ်အရောက်တွင် ဆိုလာနှင့်လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ၁၂၀၀၀၀ မဂ္ဂါဝပ်အထိ ထုတ်လွှတ်နိုင်ရန် ရည်မှန်းထားကြောင်း စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာဝန်ကြီး အယ်ပင်ဆာလန်ဗာယာတာက ပြောကြားသည်။

ယခုကဲ့သို့ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား အများအပြားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်း စွမ်းအင်လိုအပ်ချက်များကို အဆင်ပြေနိုင်မည်ဖြစ်ကာ ပြည်ပမှ ရုပ်ကြွင်းလောင်စာများအားမှီခိုမှုမှ ကင်းလွတ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တူကီယဲနိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတွင် ဆိုလာလျှပ်စစ်ထုတ်လွှတ်ရေးစက်ရုံများ တည်ထောင်ရန် ဆော်ဒီအာရေးဗျနှင့် တူကီယဲကြား ကန်ဒေါ်လာနှစ်ဘီလီယံတန်ကြေးရှိ ရင်းနှီးမြှုပ်နှံရေးသဘောတူညီချက်ကို ပြီးခဲ့သည့် သီတင်းပတ်အတွင်း လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းသဘောတူညီချက်အရ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုပမာဏ များပြားလာမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ



# ယူဂန္ဒာနိုင်ငံမြောက်ပိုင်းတွင် တရားမဝင်ဆင်စွယ်သယ်ဆောင်လာသူတစ်ဦး ဖမ်းဆီးရမိ

ကန်ပါလာ ဖေဖော်ဝါရီ ၂၄

ယူဂန္ဒာနိုင်ငံမြောက်ပိုင်း အင်နိုရာခရိုင်တွင် တရားမဝင်ဆင်စွယ်သယ်ဆောင်လာသူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ယူဂန္ဒာတောရိုင်းတိရစ္ဆာန်ကာကွယ်ရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။



၎င်းထံမှ အလေးချိန် ၁၅၄ ကီလိုဂရမ်ရှိသည့်ဆင်စွယ်များကို သိမ်းဆည်းရမိခဲ့သည်။ ဖရန်စစ်အက်ရိအမည်ရှိ တရားခံကို တာဝန်ရှိသူများက ဖမ်းဆီးခဲ့ပြီး တောရိုင်းတိရစ္ဆာန်ဆိုင်ရာ တရားရုံးတွင် ကာကွယ် စောင့်ရှောက်ထားသည့် တောရိုင်းတိရစ္ဆာန်များကို တရားမဝင်ရောင်းဝယ်မှုဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ယခုဖြစ်ရပ်သည် နိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန်ဆိုင်ရာမှုခင်းများ ကျူးလွန်ခြင်းကို လက်မခံကြောင်း ပြသသည့် ဆောင်ရွက်ချက်ဖြစ်ပြီး ၎င်းကဲ့သို့သောမှုခင်းများ ကျူးလွန်ခြင်းကြောင့် နိုင်ငံအတွင်းရှိ ဆင်အရေအတွက် လျော့နည်းလာနိုင်ကာ နယ်စပ်တစ်လျှောက် ရာဇဝတ်ဂိုဏ်းများ အခြေချလာနိုင်ကြောင်း ယူဂန္ဒာတောရိုင်းတိရစ္ဆာန်ကာကွယ်ရေးအာဏာပိုင်အဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး မူဆန်ဂူဆီကပြောကြားသည်။ နိုင်ငံအတွင်း၂၀၂၂ ခုနှစ်ကလည်း အလားတူပြစ်မှုကျူးလွန်သူ တရားခံများကို ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# သီရိလင်္ကာနိုင်ငံတွင် အမျိုးသားအိမ်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်မည်

ကိုလံဘို ဖေဖော်ဝါရီ ၂၄

သီရိလင်္ကာနိုင်ငံတွင် ယခုနှစ်အတွင်းဆောင်ရွက်မည့် အိမ်ရာအစီအစဉ်ကို ကြီးကြပ်ရန်အတွက် အမျိုးသားအိမ်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းရန် အစိုးရက အတည်ပြုခဲ့ကြောင်း အစိုးရသတင်းအချက်အလက်ဆိုင်ရာဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

၎င်းကော်မတီသည် အိမ်ရာများ ဆောက်လုပ်ရာတွင် နည်းပညာပံ့ပိုးပေးမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံအတွင်း လက်ရှိချမှတ်ကျင့်သုံးဆောင်ရွက်နေသည့် အမျိုးသားအိမ်ရာမူဝါဒအရ အိမ်ရာဒီဇိုင်းရေးဆွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ ဖြစ်လာစေရေးအတွက် လိုအပ်ချက်များကို ပြန်လည်သုံးသပ် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ နိုင်ငံအတွင်းအိမ်ရာများ နည်းပါးမှုသည် ဝင်ငွေနည်းမိသားစုများ၊ အိမ်ရာမဲ့များနှင့် မသန်စွမ်းများအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်လာကြောင်း အစိုးရကပြောကြားသည်။ နိုင်ငံအတွင်း အိမ်ရာစီမံကိန်းများအား ဝန်ကြီးဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ ဒေသန္တရတာဝန်ရှိသူများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်နေကြသည်။ နိုင်ငံအတွင်း ယခုနှစ်တွင် အိမ်ရာများတည်ဆောက်ရန် ရန်ပုံငွေရူပီးတစ်ရာဘီလီယံသတ်မှတ်ထားပြီး လုပ်ငန်းများဆောင်ရွက်ရန်အတွက် အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးမူဘောင်တစ်ခု ရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁၆-၂-၂၀၂၆ ရက်နေ့မှ ၂၂-၂-၂၀၂၆ ရက်နေ့အထိ) ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car–(AQMS Mobile Car)၊ Compact Air Quality Monitoring Station–(AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄)နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## မြန်အောင်မြို့နယ်၌ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြန်အောင် ဖေဖော်ဝါရီ ၂၄

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်လမ်းတံတား လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၄ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်စန်းချစ်၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရန်နိုင်ဇော်၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်း၊ ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်နိုင်ဝင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဇလုပ်ကြီး–ကြို့ပင် လမ်းပေါ်ရှိ ဇလုပ်ကြီးတံတား၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဆင–ကညင်ငူ–ကြက်သွန်ခင်း လမ်းပေါ်ရှိ မမြဖောက်ချောင်းတံတားတို့အား ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မင်းတုန်းမြို့မရဲစခန်းတွင် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

မင်းတုန်း ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ မြို့မရဲစခန်းတွင် ယနေ့နံနက် ၁၀ နာရီက မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးတို့နှင့်အတူ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်ခြင်း၊ အဝတ်စိုအသုံးပြု၍ ဖုံးအုပ်ငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချင်းကလေး(NRDC)

## ပုသိမ်မြို့နယ်ရှိ အထည်ချုပ်စက်ရုံများ မီးဘေးလုံခြုံရေး စစ်ဆေး



ပုသိမ် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက် စက်မှုဇုန်ရှိ Hakers အထည်ချုပ်စက်ရုံနှင့် Chiamoon Sport အထည်ချုပ်စက်ရုံတို့အား ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရ၊ ပုသိမ်မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွဋ်တို့ဦးဆောင်၍ မီးဘေးလုံခြုံရေးစစ်ဆေးအကြံပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ မီးဘေးလုံခြုံရေးနှင့် ရှေးဦးမီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများထားရှိမှုအခြေအနေ၊ အရေးပေါ်ထွက်ပေါက်များ၊ Sign များ ထားရှိမှုအခြေအနေတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနဖြစ်သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၂၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းစိန်ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်လေးဦး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ပါရမီရှင်လူမှုကူညီရေးအသင်း(လှော်ကား)၏ နှစ်ပတ်လည်ငွေစာရင်းရှင်းတမ်းနှင့် ငွေကောက်တာဝန်ခံများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ပါရမီရှင်လူမှုကူညီရေးအသင်း(လှော်ကား)၏ (၁၃)ကြိမ်မြောက် ၂၀၂၅ ခုနှစ် နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်းနှင့် ငွေကောက်တာဝန်ခံများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနာယကကြီး ဦးကျော်ရှိန်၊ အမှတ်(၂၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးမျိုးမင်းသန်းနှင့် အသင်းဥက္ကဋ္ဌ ဦးလှသန်းတို့က အမှာစကားပြောကြားကြပြီး အသင်းအတွင်းရေးမှူး ဦးသန်းထွေးက ပါရမီရှင်လူမှုကူညီရေးအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကာ အသင်းဘဏ္ဍာရေးမှူး ဦးမြင့်သိန်းက ၂၀၂၅ ခုနှစ် ဘဏ္ဍာရေးငွေစာရင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပါရမီရှင်လူမှုကူညီအသင်းဝင်များထံမှ ဘဏ္ဍာငွေကောက်ခံပေးပါသော လုပ်အားအလှူရှင်အသင်းဝင်များအတွက် အသင်းဥက္ကဋ္ဌ ဦးလှသန်းနှင့်အသင်းနာယကများ၊ အသင်းဝင်ကော်မတီများက ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)

# EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် ယနေ့နံနက်ပိုင်းက Hybrid စနစ်ဖြင့် ကျင်းပသည့် EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) သို့ တက်ရောက်သည်။



**ဆောင်ရွက်ရန် လိုအပ်**

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်တွင် “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ ဖန်လုံအိမ်ဓာတ်ငွေ့(မီးခိုးများ) ထုတ်လွှတ်သည့် ယာဉ်များ သုံးစွဲမှုအစား EV သုံးစွဲမှုမှတစ်ဆင့် လေထုနှင့်အသံညစ်ညမ်းမှုများလျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှု အပါအဝင် အခြားအကျိုးကျေးဇူးများကို ပြည်သူတို့ အမှန်တကယ်ရရှိခံစားစေရေး၊ ကမ္ဘာနှင့် ရင်ပေါင်တန်းကာ EV ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ အတိုင်း အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက ၂၀၅၀ ပြည့်နှစ်အထိ လမ်းပြမြေပုံနှင့် မူဝါဒချမှတ်ကာ လုပ်ငန်းကော်မတီ ၅ ခုတို့က ညွှန်ကြားချက်များအတိုင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလများအတွင်း ကျေပွန်အောင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ ၂၀၂၆ ခုနှစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ ဖွင့်ပွဲ အခမ်းအနား၌ EV ပြကွက်များအပေါ် လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အစီအမံများကို ဦးဆောင်ကော်မတီထံတင်ပြနိုင်ရေး၊ ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ သုံးသပ်နိုင်ရေး၊ EV လုပ်ငန်းရှင်များနှင့် EV သုံးစွဲသည့်ပြည်သူလူထု၏ EV နည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် နည်းပညာဖြန့်ဝေရေးလုပ်ငန်းစဉ်များကို ချမှတ်ထားသည့် အစီအမံများအတိုင်း အကျိုးရှိထိရောက်အောင်ဆောင်ရွက်ရန်၊ မြန်ဆန်စွာဖွံ့ဖြိုးလျက်ရှိသော EV နည်းပညာအရွေ့များအတိုင်း အမီလိုက်ပါနိုင်ရန် သုတေသနများကို အရှိန်အဟုန်မြှင့်တင်ပူးပေါင်းဆောင်ရွက်ရန်၊ သုတေသနရလဒ်များမှ ဉာဏပစ္စည်းမူပိုင်ခွင့်များ ရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ရန်နှင့် လက်တွေ့ကျသော သင်တန်းသစ်များကို ထပ်မံတိုးချဲ့ ပူးပေါင်းဖွင့်လှစ်ရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြင်ပ EV အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ယခုနှစ်အတွင်း လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင် အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဒိုက်ဦးဗဟိုအကျဉ်းထောင်အတွင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရှိ ဒိုက်ဦးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသားအကျဉ်းသူ၊ အချုပ်သား အချုပ်သူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများ ဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ ရောဂါအခြေအနေအပေါ်မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေပေးဝေမှုအခြေအနေနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှုအခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားနေမှုအခြေအနေ၊ အကျဉ်းသားအကျဉ်းသူများအား အကျဉ်းထောင် ဝန်ထမ်းများကသော်လည်းကောင်း၊ အကျဉ်းသားအချင်းချင်းသော် လည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ထောင်ဝင်စာ လာရောက်တွေ့ဆုံသည့် အကျဉ်းသားမိသားစုဝင်တို့ကို ထောင်ဝင်စာအခက်အခဲရှိ/မရှိ၊ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှုရှိ/မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားအကျဉ်းသူ ၃၁ ဦးကို တစ်ဦးချင်း လက်ခံတွေ့ဆုံကာ တင်ပြချက်များကို မှတ်တမ်းတင်သည်။

**ပေးအပ်လှူဒါန်း**

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ၊ ချိုးရေကန်များနှင့် အတွင်းအပြင် မိလ္လာများ သန့်ရှင်းမှုရှိ/မရှိနှင့် ထောင်ဝင်စာ တွေ့ဆုံသည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယခင်စစ်ဆေးစဉ်က တွေ့ရှိချက်အပေါ် အကြံပြုချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အကျဉ်းသားများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ဗဟုသုတရဖွယ်စာအုပ်စာပေ အုပ်ရေ ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ထံမှ သိရသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနလေးခုဖြင့် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုနှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများ စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ကျောင်းဝင်းအတွင်းရှိ စာဖြေခန်းများနှင့် စာသင်ကျောင်းဆောင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# ပညာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွင် AI ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဟောပြောပို့ချ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၌ “The Role of AI in Educational Research”(ပညာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွင် AI ၏ အခန်းကဏ္ဍ) ခေါင်းစဉ်ဖြင့်ဟောပြောပို့ချခြင်းကို ယနေ့နံနက်ပိုင်းက ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပို့ချမှုတွင် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာခင်လေးစိုးက “AI in Librarianship” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သတင်းအချက်အလက်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာထွန်းအောင်ကျော်က “The Role of AI in Managing Research Resources ” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချသည်။

ဟောပြောပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များမှ မြန်မာစာဌာန၊ သမိုင်းဌာန၊ ပထဝီဝင်ဌာန၊ ရှေးဟောင်းသုတေသနပညာဌာန၊ အရှေ့တိုင်းပညာဌာန၊ ဥပဒေပညာဌာန၊ မနုဿဗေဒဌာန၊ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံပညာဌာန၊ စာကြည့်တိုက်နှင့် သုတပညာဌာနတို့မှ ဆရာ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများ၊ သုတေသီများနှင့် စာကြည့်တိုက်မှူးများအပါအဝင် ၆၃ ဦးတက်ရောက်ပြီး Zoom ဖြင့် ၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ **MNL မှ**

ဟံသာဝတီ ယူနိုက်တက်အသင်းကလည်း ရန်နိုင်အောင်၊ မောင်မောင်စိုး၊ သန်းတိုးအောင်၊ ဝင်းမိုးကျော်၊ ဘိုဘိုအောင်တို့ဖြင့် လူစုံနီးပါးပါဝင်ခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့်နှစ်သင်း အနိုင်ရရှိရေး အားကုန်ထုတ်ကစားခဲ့ပြီး ရတနာပုံအသင်းက ၃၆ မိနစ်တွင် နောက်ခံလူ ဟိန်းဇော်နိုင်က တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းသော်လည်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ၇၆ မိနစ်တွင် ဆွမ်လမန် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ပြီး တတိယနေရာအတွက် အခြေအနေကောင်းသွားပြီဖြစ်သည်။

ပွဲစဉ်(၁၉) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သီဟဒီပကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# တောင်ငူခရိုင်အတွင်း မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ဆည်ရေသောက်စနစ်များ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေနေမှု ကွင်းဆင်းကြည့်ရှု



နေပြည်တော် ဖေဖော်ဝါရီ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်း မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ဆည်ရေသောက်စနစ်များ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှု၊ ခပေါင်းဆည်ရေသောက်စနစ် နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေနေမှုကို ကွင်းဆင်းကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ဒုတိယဝန်ကြီးသည် ခပေါင်းဆည်ရေသောက်စနစ် လက်ဝဲတူးမြောင်းမကြီး၊ လက်ဝဲလက်တံမြောင်းအမှတ်(၁က)၊ လက်ယာလက်တံမြောင်း အမှတ်(၃)နှင့် လက်ယာတူးမြောင်းမကြီး (မြောင်းခွဲ)များ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုနှင့် နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဆည်ရေသောက်ဧရိယာများအတွင်း ရေပေးမြောင်းနှင့် ရေနုတ်မြောင်းစနစ်များ အစဉ်ကောင်းမွန်စေရေး ပုံမှန်ပြုပြင်ရန်၊ ရေပေးကာလအတွင်း အလေအလွင့်နည်းပါးရေး ဆောင်ရွက်ရန်၊ ရေပြတ်လပ်မှုမဖြစ်ပေါ်စေရေး စနစ်တကျစီမံခန့်ခွဲကြရန်၊ ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းဖြင့် မြေဆီလွှာပျက်စီးစေနိုင်သဖြင့် သဘာဝမြေဩဇာကို မျှတစွာသုံးစွဲတတ်စေရန်နှင့် မြေဆီလွှာအရည်အသွေးမကျဆင်းအောင် ကြိုတင်ကာကွယ်ထိန်းသိမ်းရန်၊ လယ်ယာသုံးစက်ကိရိယာများ လယ်ယာကဏ္ဍကွင်းဆက်တစ်လျှောက်လုံး ပိုမိုတွင်ကျယ်စွာသုံးစွဲရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နွေစပါးနှင့် နွေအခြားသီးနှံရာသီတွင် လျာထားဧကများပြည့်မီ၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါခပေါင်းဆည်ရေသောက်စနစ်မှ နွေစပါးဧက ၄၀၀၀၀ နှင့် နွေအခြားသီးနှံဧက ၁၃၂၀၀ စုစုပေါင်းဧက ၅၃၂၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကေတုမတီမြို့ဟောင်း မြောက်ဘက်ကျုံးအလျား ပေ ၁၄၃၀ ဆလံလျောကျောက်ကြီးစီခြင်း၊ မြေဖို့ခြင်းလုပ်ငန်းနှင့် ကွန်ကရစ် (Pile) ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ



မော်လမြိုင် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟင်္သာခန်းမ၌ ဥပဒေအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ရာဇသတ်ကြီး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ နိုင်ငံတော်၏ အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံတော်အလံ ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ယင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို အသိပညာပေး ဟောပြောခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာ စောင့်သိပြီး နိုင်ငံ့ဝန်ထမ်း ဥပဒေပါအတိုင်း ပါတီနိုင်ငံရေးကင်းရှင်း၍ မိမိတို့တာဝန် ထမ်းဆောင်ရာတွင် နိုင်ငံတော်တိုးတက်ရေး၊ ဝန်ကြီးဌာန အဖွဲ့အစည်းတိုးတက်ရေးကို အာရုံစိုက်၍ ပညာရှင်ပီသစွာ ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည့် ဥပဒေများနှင့် ဥပဒေဗဟုသုတများကို မေးမြန်းရာ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိ၊ မြို့နယ် ဥပဒေအရာရှိတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မွန်ပြည်နယ် ဥပဒေချုပ်က ကျိုက်မရောမြို့နယ် ပြည်သူများ ဖတ်ရှုလေ့လာအသုံးပြုနိုင်ရန် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေစုစုပေါင်း ၂၂၅ မျိုးပါသည့် ဥပဒေစာအုပ်များ၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေစာအုပ် ၅၀ ကို အခမဲ့ပေးအပ်လှူဒါန်းရာ ကျိုက်မရောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးက လက်ခံရယူပြီး အွန်လိုင်းလိမ်လည်ကျူးလွန်မှုနှင့် စပ်လျဉ်း၍ အသိပညာပေး Video Clip အားအသိပညာပေး ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်ရှိ ချမ်းမြေ့ဗေယျာ သာမဏေကျော် တက္ကသိုလ်အတွင်း သီတင်းသုံးနေထိုင်တော်မူကြသည့် သံဃာတော် အရှင်သူမြတ်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

တင်စိုး(ပဲခူး)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



မြင်းမဒါန်းတောင်ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းပုံ။

**○ ကျောဖုံးမှ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေမြေထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများထိန်းသိမ်းကာကွယ်ရန်၊ ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝတောကျန်များအား ထိန်းသိမ်းခြင်းကြောင့် သစ်တောဖုံးလွှမ်းမှု တိုးတက်စေရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိသည့် မြေလွတ်မြေရိုင်းများအား ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

မြင်းမဒါန်းတောင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အမြဲစိမ်းတောနှင့် ရွက်ပြတ်ရောနှောတောအမျိုးအစားဖြစ်သည့် ပျဉ်းကတိုး၊ သင်္ကန်း၊ ကညင်၊ ကညောင်း၊ စကားဝါ၊ သင်္ဂ ဒူ၊ တောင်ပိန္နဲ၊ တောင်သရက်၊ သပြေ၊ ကြက်ရိုး၊ မျောက်ငို၊ ဘင်္ဂ၊ စစ်စသည့် ဒေသသစ်မျိုးများနှင့် ကရင်ဝါး၊ မဒေးဝါး၊ တရုဂူဝါးများအပြင် နဘက်ကြိမ်၊ ကြက်ဥကြိမ်များအား ထိန်းသိမ်းပြုစုနိုင်မည်ဖြစ်ခြင်း၊ ပြောင်၊ ဆတ်၊ ချေ၊ တောင်ဆိတ်၊ တောဝက်၊ ဝက်ပံ၊ ကျားသစ်၊ တောကြောင်၊ စပါးကြီးမြွေ၊ မျောက်၊ မျောက်လွှဲကျော်၊ ကုန်းလိပ်၊ ရခိုင်တောင်လိပ်စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာတိုက်စားမှု လျော့နည်းစေခြင်းနှင့် မြေအောက်ရေထိန်းသိမ်းရေး လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေခြင်း၊ သဘာဝဘေးအန္တရာယ်များမှ တာဆီးကာကွယ်စေနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး ရာသီဥတုပိုမိုတိုးတက်ကောင်းမွန်မျှတ လာနိုင်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄


ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အရှေ့ဘက်သို့ ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။


အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညနေမှ ဖေဖော်ဝါရီ ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




# နွေသီးနှံစိုက်ပျိုးတောင်သူများအား ကံတင်ဘီးလင်းရေလှောင်တမံမှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

သာယာဝတီ ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့အတွင်း ဒေသခံတောင်သူများ နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းမှစပြီး မင်းလှမြို့နယ် ကံတင်ဘီးလင်းရေလှောင်တမံမှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း သာယာဝတီခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။



မင်းလှမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်နှင့်စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် ကံတင်ဘီးလင်းရေလှောင်တမံမှ ဆည်ရေများကို တူးမြောင်းမကြီးနှင့် ရေလွှဲဆည်၊ လက်တံမြောင်းတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် ပို့လွှတ်ဖြန့်ဝေ ဆောင်ရွက်ပေးရာ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မင်းလှမြို့နယ်နှင့် လက်ပံတန်းမြို့နယ်အတွင်း တောင်သူများ အချိန်မီ သီးနှံစိုက်ပျိုးလုပ်ကိုင်နိုင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ကံတင်ဘီးလင်းရေလှောင်တမံမှ ဆည်ရေများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းမှ စတင်၍ နှစ်သီးစိုက်လယ်မြေများသို့လည်းကောင်း၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှစတင်၍ သုံးသီးစိုက်လယ်မြေများသို့လည်းကောင်း တောင်သူများ နွေသီးနှံ စိုက်ပျိုးနိုင်ရေး ဖြန့်ဝေအသိပေး နှိုးဆော်ထားသည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ကံတင်ဘီးလင်းရေလှောင်တမံမှ ဆည်ရေဖြင့် မင်းလှမြို့နယ်၌ နွေစပါးစိုက်ပျိုးဧက ၉၄၇၅ ဧကနှင့် လက်ပံတန်းမြို့နယ်၌ နွေစပါးစိုက်ပျိုးဧက ၇၀၈၄ ဧက စုစုပေါင်း ၁၆၅၅၉ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေများ ဒသမအကြိမ် ထုတ်ချေး



အုတ်တွင်း ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးပေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ဝွေးတောက်ခင်ကျေးရွာအုပ်စု အနောက်ဇီးကုန်းကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်စီမံကိန်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦး စုစုပေါင်းအသင်းသား ၁၁၁ ဦးအား မြစိမ်းရောင်ရန်ပုံငွေ ကျပ် ၄၃၃၀၀၀၀၀ ကို တာဝန်ရှိသူအသီးသီးက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်က နတ်မောက်မြို့မရဲစခန်းအတွင်း ပြုလုပ်စဉ်။

လှဝင်း

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင် ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ဂန့်ဂေါမြို့၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၄



မကွေးတိုင်း ဒေသကြီး ဂန့်ဂေါမြို့၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်က မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေးနည်းစနစ်များနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြရှင်းလင်းဟောပြောကာ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် ဂန့်ဂေါခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ ဂန့်ဂေါမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ လျှပ်စစ်ကျွမ်းကျင်(၅) ဦးရှိုင်းဖြိုးဇော်နှင့်ဝန်ထမ်းများအား ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် အသုံးပြုလျက်ရှိသည့် လျှပ်စစ်မီးကြိုးများ ကောင်းမွန်မှု ရှိ/မရှိ၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာထားရှိမှုအခြေအနေနှင့် အုတ်ရေကန်များတွင် ရေဖြည့်တင်းထားရှိမှုအခြေအနေများကို စစ်ဆေး၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။ အဆိုပါအသိပညာပေးဟောပြောပွဲသို့ ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တဒုခရိုင်မှူး ရဲမှူးတင်ကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ ဂန့်ဂေါခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်မျိုးမင်း

# ဇလွန်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ဇလွန် ဖေဖော်ဝါရီ ၂၄



ဧရာဝတီ တိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စာသင်ကျောင်းများနှင့်စာစစ်ဌာနကျောင်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက လိုက်လံစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်လင်းထွဋ်ဦးဆောင်၍ သန္ဓေ/အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်ထွန်းဇော်နှင့် ပညာရေး ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များက မြို့နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် စာစစ်ဌာနကျောင်းများသို့ သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟိန်းကိုအောင်

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ဖြစ်သော (မန္တလေးပွဲစဉ်)ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ပထမနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ MANDALAY BUSINESS CAPITAL CITY DEVELOPMENT LTD နှင့် Bago Yoma Eco Resort တို့က အဓိကကူညီပံ့ပိုးသော ၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ဖြစ်သော (မန္တလေးပွဲစဉ်) ဖွင့်ပွဲနှင့် ပထမနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်က မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ MANDALAY BUSINESS CAPITAL CITY DEVELOPMENT LTD၊ Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort နှင့် ရေတံခွန်တောင်ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဖွင့်ပွဲတွင် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌနှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကို၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုး၊ အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှစိုးဦးနှင့် ရေတံခွန်တောင်ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးသန့်ဇင်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း စတင်ယှဉ်ပြိုင်သည်။

ပြိုင်ပွဲသို့ပရော်ဖက်ရှင်နယ်အဆင့်ကစားသမား ၂၃ ဦး၊ စီနီယာ ပရော်ဖက်ရှင်နယ်အဆင့် ၂၃ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသား ၁၄၀၊ ဝါသနာရှင်အဆင့် အမျိုးသမီး ၄၆ ဦး စုစုပေါင်း ကစားသမား ၂၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲကို မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲကို Alpine သောက်ရေသန့်နှင့် Burmese Golf (BG) တို့ကလည်း ထပ်မံပံ့ပိုးကူညီကြောင်း သိရသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MGF

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ဒီဇယ်ဆီကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | (၅၀၀၀၀)ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၂-၂၀၂၆ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၄-၃-၂၀၂၆ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂၇-ရပ်ကွက်၊ ပုဂံ(၂)လမ်းကျောကပ်၊ အမှတ်(၄၇၆)၊ မြေအကျယ်အဝန်း (အလျား၂၀x အနံ၆၀)ပေရှိ (ပါမစ်မူရင်း) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးဘုန်းမြင့် (ခ) ဦးမြင့်ကျော် (N/OKA ၀၀၈၉၂၁)**အမည်ဖြင့် မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော **ဦးထွန်းထွန်းဝင်း [၁၂/ဒဂမ(နိုင်)၀၄၃၉၈၂]**မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ခိုင်ဇာထွန်း [၁၂/သဃက(နိုင်)၁၅၉၆၂၇]**တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄) (၉-၂-၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/၁)၊ လူနေရပ်ကွက်အမှတ်- စိုက်/မွေး(၁)၊ ငခင်ညိုလမ်း၊ မြေကွက်အမှတ် (၃၇) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၈၀ ပေx အနံ ၁၂၀ ပေ)၊ ဧရိယာ (၀.၀၂၂၀)ဧကရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဒေါ်မြင့်ကြူ [၁၂/လကန(နိုင်) ၀၆၀၀၃၂] အမည်ပေါက် မှတ်သားတည်ရှိသော နှစ်(၆၀) မြေငှားဂရန် မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) မြေကွက်လိပ်စာအမှတ်(၁/၂/၄)၊ အကျယ်အဝန်း (အလျား ၂၀ ပေx အနံ ၁၂၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်များအားလုံးကို ဒေါ်မြင့်ကြူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချစီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချိုချိုဝင်း[၁၃/နစန(နိုင်) ၀၂၅၃၂၈]မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စိုးနိုင်[၁၂/သဃက(နိုင်)၁၅၆၂၃၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၉၇၃) (၂၉-၁၂-၂၀၁၇)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေဧရိယာ (၀.၁၁၈)ဧကရှိ မြေကွက်အမှတ်(ပ-၂၃၁၃၉)ကို အမည်ပေါက် ဦးစည်သူအောင်ခိုင် (ဘ) ဦးပတ်ထရစ်နီ(ခ)အောင်ခိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/လမန(နိုင်) ၁၂၁၃၇၀]မှ ဒေါ်နှင်းအိဖြိုး (ဘ) ဦးနှင်းလှိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၆/မအရ(နိုင်)၁၁၂၁၁၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

တောတောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## အမည်ပြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ အ.ထ.က(၆) Grade-4 ဖြေဆိုထားသူ (ဘ) ဦးသန်းဦး [၁၂/သလန (နိုင်) ၀၉၉၃၁၇]၏ သား မောင်သံစဉ်ညီ အား မောင် ဟိဏ်းမင်းဇော် ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် (၃၂)၊ ၆-လွှာ (ခြေရင်းခြမ်း)၊ (၁၂ ၃/၂'x၅၀')ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်ပြည့်ပြည့်ဖြိုး [၁၂/အစန(နိုင်) ၁၅၉၄၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **ဦးအောင်ခိုင် (ခ) ဦးအင်ပို့ (LL.B)** | **ဒေါ်စန်းဌေး (LL.B)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၇၀၅)** | **(စဉ်-၈၄၅၄)** |

**တိုက် (၈)၊ အခန်း (၂၃)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-950511007**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်ရှိ Billionaires Auto Trading Company Limited ၏ ဒါရိုက်တာ တစ်ဦးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်တိုး [၁၂/စခန(နိုင်) ၀၇၀၇၄၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာခြင်းဖြစ်သည်-

ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ဓာတ်ပုံ၊ ဗီဒီယိုနှင့် ကိုယ်ရေးအချက်အလက်များကို အလွဲသုံးစားပြုလုပ်၍ Facebook, , Instagram, Tiktok, Viber နှင့် Telegram အပါအဝင် Social Media Platform များမှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေလက်ရှိသုံးစွဲနေသော ဖုန်းနံပါတ်မဟုတ်ဘဲ အခြားသောဖုန်းနံပါတ်များအသုံးပြု၍ လိုက်လံငွေချေးယူခြင်းနှင့် အများအထင်အမြင်လွဲစေမည့် လုပ်ဆောင်မှုများ တွေ့ရှိနေရပါသည်။ ထိုသို့ လုပ်ဆောင်မှုများသည် ကျွန်ုပ်မိတ်ဆွေ၏ ကောင်းသော ဂုဏ်သတင်းနှင့် အလုပ်အကိုင်များကို ထိခိုက်စေပြီးအဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေသည် Car Lucky Draw အပါအဝင် ငွေကြေးအရှုပ်အရှင်းများ မည်သည့်အခါကမျှ ပြုလုပ်ခဲ့ခြင်းမရှိသည့်အတွက် မသက်ဆိုင်ပါကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ဆောင်ရွက်ခြင်းများ ထပ်မံမပြုလုပ်ရန်နှင့် ပြုလုပ်သူများကိုလည်း သက်ဆိုင်သည့်တည်ဆဲဥပဒေများဖြင့် တရားစွဲဆိုအရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကျော်တိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဒေါ်အိမွန်ချို** | **ဒေါ်အေးသူဇာလှိုင်** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၄၀၅၈)** | **(စဉ်-၁၂၀၉၂)** |

**အမှတ် (၂၀၀)၊ ၄ဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၀၅၂၂၁၄၊ ၀၉-၅၀၄၆၅၉၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄/ရွှာမရပ်၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၄၀၅၆)ကို အမည်ပေါက် ဦးခင်ဝင်း (ဘ) ဦးအုန်းမြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သလန(နိုင်) ၀၉၅၃၁၉]မှ ဒေါ်ခင်စန်းဝင်း (ဘ) ဦးဂျင်နာဒန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၅/ကလထ(နိုင်) ၀၁၇၀၄၂]၊ ဒေါ်နီနီမွန် (ဘ) ဦးညွှန့်မောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၅/ကလထ(နိုင်) ၁၁၀၄၀၇]တို့နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "တိုက်ခန်းဝယ်ယူမည်" ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၇၉)၊ (၆)ထပ်တိုက် Hall (မြေညီထပ်)၊ အကျယ်အဝန်း(၂၃ပေx၅၀ပေ)ပေါ်ရှိသော တိုက်ခန်း၏အကျိုးခံစားခွင့်အားလုံး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(၁)ရပ်ကွက်၊ အမှတ်(၈/၁၁)(၄-လွှာ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ ရေတွင်းကုန်းရပ်ကွက်တွင်နေထိုင်သော ဒေါ်မျိုးပွင့်ဝါ မှတ်ပုံတင်အမှတ်[၁၃/ကလန(နိုင်)၀၆၆၆၈၁] ကိုင်ဆောင်သူက ၎င်းပိုင်ဆိုင်သည့်တိုက်ခန်းအား ဆက်စပ်စာချုပ်များအား ပြသ၍ ရောင်းချသည်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းအေး[၇/ကတခ(နိုင်)၁၅၂၇၄၃] ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ် ငွေချေစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြကေခိုင်**
**(LLB, DBL TTI, CFS, Strategic Organization Management)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၃၄)**
**အမှတ်(၁၄၅)၊ ရတနာသိဒ္ဓိလမ်း ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၅၂၂၀၂၉၈၊ ၀၉-၆၇၉၃၇၂၀၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ (City Loft)၊ တိုက်အမှတ်(CL-10)၊ အခန်းအမှတ်(514)၊ (၅-လွှာ)၊ အခန်းအမျိုးအစား(One Bedroom)၊ အကျယ်အဝန်း(484)စတုရန်းပေရှိ ရေ၊ မီးစုံလင်စွာပါရှိသော ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးမောင်ဝဏ္ဏ** [၁၂/ဗဟန(နိုင်)၀၁၇၅၀၁]က မိမိသာလျှင် ပိုင်ဆိုင်၍ အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးထက်ပိုင်အောင်**[၁၂/မဂတ(နိုင်)၀၉၅၇၅၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သော်သော်စန္ဒီဦး(LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**Ph:09-43093746**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်ဝင်း၏ သား ဦးဇော်ဦး [၁၂/သကတ(နိုင်) ၀၁၅၀၆၇]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၆၄၃၁၂၇**

## BCC ကျပြီး မြေညီတိုက်ခန်းသစ် အမြန်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ နှယ်နီ(၁၀)လမ်း၊ ယခင်မြောက်ဥက္ကလာပ အဝိုင်းအနီး တစ်လမ်းကျော် သုဓမ္မာလမ်းမကြီးမှဝင် (၂)ခန်းတွဲ (၆)ထပ်တိုက် အသစ် မြေညီထပ် ထပ်ခိုးပါ (၁၄ပေx၅၄ပေ) အိပ်ခန်းဖွဲ့ပြီး ပရိဘောဂ ပစ္စည်းအစုံ၊ (၁၅ပေx၃၀ပေ) ဂိုဒေါင်တစ်လုံးအပါအဝင် လူနေခွင့်ကျပြီး၊ တိုက်အသစ် လူတက်နေရန် အဆင်သင့် ရောင်းမည့်ဈေး သိန်း-(၂၄၀၀) အမြန်ရောင်းမည်။

**ဦးရာလူရမည်။**
**စုံစမ်းရန်ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၅၁၅၉၁၃၄၊ ၀၉-၄၂၈၆၂၄၃၆၃**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၄-လမ်း၊ အမှတ်(၆၅)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရင်ခွဲတိုက်၏မြေညီထပ်(ခေါင်းရင်းခန်း) (၁၂ ပေခွဲ x ၅၀ ပေ)၊ ပထမထပ်(ခေါင်းရင်းခန်း) (၁၂ ပေခွဲ x ၅၀ ပေ)၊ အဆိုပါတိုက်၏ ၅လွှာ(၂ခန်းတွဲ) (၂၅ပေx၅၀ပေ)ရှိ တိုက်ခန်းများနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၈၀၊ မြေကွက်အမှတ်-၁၂၁၆၊ အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ အိမ်မြေသည် ကျွန်ုပ်၏မိတ်ဆွေ ဦးညွှန့်မောင် (AD-၀၅၇၅၅၂) [၁၃/မမန(နိုင်)၀၀၄၇၃၃]ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေ ဦးညွှန့်မောင်၏ သဘောတူခွင့်ပြုချက်မပါဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်း၊ အခြားနည်း လွှဲပြောင်းခြင်းမပြုရန် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ထိုသူများအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးညွှန့်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးနွယ်( LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် -၁၉၀၃၆)**
**အမှတ်(၄၉၃)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၉၇၉၄၁၉၅၊ ၀၉-၄၀၁၅၃၂၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၉)၊ ကုန်းဘောင်လမ်း၊ မြေကွက်အမှတ်(၁၆)၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင် မြို့မြေစာရင်းတွင် ဦးဇော်အောင်[၁၂/ရကန(နိုင်) ၀၁၄၁၂၀] အမည်ပေါက် တည်ရှိပြီး အဆိုပါ မြေကွက်အား ၎င်းမှ မိမိဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ တရားရုံးနှင့်တကွ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် တားမြစ်ပိတ်ပင်ခံထားရခြင်းမရှိကြောင်း၊ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,DML တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇)**
**တိုက်(အေ-၂)၊ အခန်း(၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊**
**ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၀၅၄၈၂၊ ၀၉-၇၆၄၅၀၅၄၈၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-၂၃/ရုံးတော်ကွက်၊ ဦးပိုင်အမှတ်-၈/၁၅၅၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်-B.17 ၊ အကျယ်အဝန်း(၀.၁၁၀)ဧကရှိ ဦးဝင်းညွှန့်နိုင် အမည်ပေါက် ဂရန်မြေကွက်နှင့်အိမ်အား သန်လျင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်-၄၅/၂၀၂၅ဖြင့် လက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်စိုးစိုးကြူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသည့် ယခုရောင်းချသူဖြစ်သော ဦးသန်းထိုက်(ခ)ဂျိုးဇက် [၁၂/သလန(နိုင်)၀၈၉၈၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဥမ္မာဖြိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**
**ဖုန်း-၀၉-၂၅၀၅၁၆၉၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အရှေ့ရပ်ကွက်၊ ကျီးပင်လမ်း၊ အိမ်အမှတ်(၁၉)၊ အကွက်အမှတ်(၁၉)၊ ဇရစ်စမ်းမြောက်ကွက်၊ ဦးပိုင်အမှတ်(၁၄၀)၊ ခေါင်းရင်းခြမ်း၊ ပေ(၄၀x၆၀)ပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခင်ဥမ္မာထွန်း [၁၂/သလန(နိုင်) ၀၂၀၇၁၆]၊ ဒေါ်ချောစုလှိုင် [၁၂/ဒလန(နိုင်)၀၃၈၁၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်ဦး [၁၂/သလန(နိုင်)၀၇၅၃၄၉] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၁၀၁၉၇၈၆၊ ၀၉-၇၉၉၂၉၁၈၃**

## "ဦးကျော်ထက်အောင်နှင့်အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ဆိုးရန့်(SooYun) (ဘ)ဦးအေးသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျိုက်မရောမြို့နေ ဦးကျော်ထက်အောင်(ခေတ္တ-ကိုရီးယားနိုင်ငံ) နေသူမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆိုးရန့်(SooYun)၏ မိသားစု ထိခိုက်စေမည့် အကြောင်းအရာများအား လူမှုကွန်ရက်မှတစ်ဆင့် စာများပို့နေသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ မိသားစုမှာ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာကျဆင်းနေသည့်အတွက် ဦးကျော်ထက်အောင်မှ ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်နေမည်ဆိုပါက ဥပဒနှင့်အညီ ဆက်လက် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆိုးရန့်( SooYun)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမိုး (LL.B,D.B.L,C.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၄၀၂)**
**အမှတ်( ၂၇၀/က-ခ)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၂၀၈၇၂၉၀၊ ၀၉-၆၆၅၂၁၀၂၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၁၁)လမ်း၊ အမှတ်(၈၇၆/က)ဟု ခေါ်တွင်သော အလျား(၂၈ပေ)xအနံ(၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅)လွှာ တိုက်ခန်းနှင့် အသင့်တပ်ဆင်ပြီးဖြစ်သည့် ရေမီးအစုံအလင်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးခင်မောင်သိန်း[၁၂/မဂဒ(နိုင်)၀၁၅၈၉၈]မှ ၎င်းတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေအောင်[၁၁/မပတ(နိုင်)၀၄၂၆၈၂]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာထွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၈၄၆၉)**
**အမှတ်(၁၀၉၀)၊ ၁၆-လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၉၆၀၂**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၅၂)လမ်း၊ အမှတ် (၁၂၀/၁၂၂)၊ စတုတ္ထထပ် (၅လွှာ)(မျက်နှာမူလျှင်ဝဲဘက်)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၅x၅၈)ပေရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာစွဲကပ်တည်ရှိနေသော အရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးသန့်စင်ကို[၁၂/ပဘတ(နိုင်)၀၁၄၆၃၂]**ကိုယ်စား **ဒေါ်ကေသွယ်မိုး [၁၂/ပဇတ(နိုင်)၀၁၁၅၁၅]**က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ်(၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## အကြွေးဝယ်ကတ် (VISA/UPI Credit Card) အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများ သိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card) တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ် အသုံးပြုငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ်အား သုံးစွဲခဲ့သူ အောက်ဖော်ပြပါ အမည်စာရင်းတွင် ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ကတ်လျှောက်ထားရာတွင် အာမခံအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ကြသူများ အနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ် သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခု ကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း သက်ဆိုင်ရာ ဘဏ်ခွဲသို့ လာရောက် ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| ၁ | ဦးအောင်ပြည့်ဖြိုး | [၁၂/ဒဂမ(နိုင်)၀၀၃၄၂၈] |
| ၂ | ဦးမျိုးဝင်းသန်း | [၇/သကန(နိုင်)၀၀၁၅၀၇] |
| ၃ | ဦးကျော်ကျော်ဝေ | [၇/တငန(နိုင်)၀၀၁၃၀၉] |
| ၄ | ဒေါ်ချိုချိုသိန်း | [၅/စကန(နိုင်)၁၆၆၈၈၂] |
| ၅ | ဦးစိန်လှမောင် | [၁၁/မပန(နိုင်)၀၅၄၆၄၃] |
| ၆ | ဒေါ်နှင်းသီတာစော | [၁၂/ဥကမ(နိုင်)၀၀၀၉၄၁] |
| ၇ | ဒေါ်နီနီရွှေ | [၁၂/ဗဟန(နိုင်)၀၃၄၄၅၇] |
| ၈ | ဦးမျိုးလွင် | [၁၂/ရကန(နိုင်)၀၀၀၂၃၈] |
| ၉ | ဒေါ်မေငွေးစန်း | [၁၂/သဃက(နိုင်)၁၇၃၆၀၃] |
| ၁၀ | ဒေါ်အေးစုမြတ် | [၁၂/ဥကတ(နိုင်)၁၆၅၂၅၄] |
| ၁၁ | ဒေါ်ရီနွယ်အောင် | [၁၂/လကန(နိုင်)၁၄၆၇၃၅] |
| ၁၂ | ဦးသိန်းဝင်း | [၁၂/မဂဒ(နိုင်)၀၀၄၃၁၃] |
| ၁၃ | ဦးပြည့်ဖြိုးထွန်း | [၁၂/သလန(နိုင်)၁၂၀၈၆၃] |
| ၁၄ | ဒေါ်အေးအေးခိုင် | [၈/ခမန(နိုင်)၀၀၀၂၁၇] |
| ၁၅ | ဦးဝင်းကျော်သူ | [၁၂/ဥကမ(နိုင်)၀၀၁၉၄၂] |
| ၁၆ | ဒေါ်ကေခိုင်ဇော် | [၁၂/ကမရ(နိုင်)၀၀၁၁၉၆] |
| ၁၇ | ဦးထက်ဝေယံ | [၁၄/ဇလန(နိုင်)၁၄၆၆၀၃] |
| ၁၈ | ဒေါ်ပပဖြိုး | [၇/တငန(နိုင်)၁၀၈၈၇၀ ] |
| ၁၉ | ဦးဒီမို | [၃/မဝတ(နိုင်)၀၂၁၅၁၁] |
| ၂၀ | ဒေါ်လဲ့မွန်ကျော် | [၁၄/ဇလန(နိုင်)၁၀၆၇၂၄] |

**Legal and Compliance Function**
**ကမ္ဘောဇဘဏ်လီမိတက်**
**အမှတ်(၅၃)၊ Strand Square Office ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph-01-2307091**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ညောင်တုန်းမြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁

မအိဖြိုးခိုင် နှင့် မောင်သက်နိုင်ထွန်း
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ န/၅ ဘူတာစုလမ်း (ယခုနေရပ်လိပ်စာ မသိ)နေ တရားပြိုင် မောင်သက်နိုင်ထွန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပေးစေလိုမှု" ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက်နေ့ ) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းစေရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေမွန်ခိုင်)**
**တွံ့ဖက်မြို့နယ်တရားသူကြီး**
**ညောင်တုန်းမြို့နယ်တရားရုံး**

## "ဦးညီလင်းမြတ်နှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ဆိုးရန့်(SooYun)(ဘ)ဦးအေးသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

တောင်ငူမြို့နေ ဦးညီလင်းမြတ်(ခေတ္တ-ကိုရီးယားနိုင်ငံ) နေသူမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆိုးရန့်( Soo Yun)နှင့် ပတ်သက်ပြီး Nay Lynn Htun account ဖြင့် မဟုတ်မမှန်ပို့စ် တင်ထားသည့်အပေါ် အကြောင်းရင်း အမှန်မသိဘဲ comment ဝင်ရေးသည့်အတွက်နှင့် ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေမိသားစုမှာ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်တွင်ဂုဏ်သိက္ခာကျဆင်းနေသည့်အတွက် ဦးညီလင်းမြတ်မှ ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်နေမည်ဆိုပါက ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆိုးရန့်(SooYun)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမိုး ( LL.B , D.B.L, C.B.L)**
**အထက်တန်းရှေ့နေ (စဉ် -၃၄၄၀၂)**
**အမှတ်( ၂၇၀/က-ခ)၊ တပင်ရွှေထီးလမ်း၊**
**ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၂၀၈၇၂၉၀၊ ၀၉-၆၆၅၂၁၀၂၇၈**

❖ လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍မရ ...

❖ ယင်းအကူအညီများကို လူမှုကာကွယ်ရေးစနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မြင်းမဒါန်းတောင်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရခိုင်ပြည်နယ်၊ တောင်ကုတ်ခရိုင်၊ တောင်ကုတ်မြို့နယ်ရှိ ဧရိယာအကျယ်အဝန်း (၇၂၇၃၀) ဧကရှိသော နယ်မြေကို မြင်းမဒါန်းတောင် ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၆)အရ (၁၃၈၇)ခုနှစ်၊ တပေါင်းလဆန်း (၃)ရက်၊ (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍



မြင်းမဒါန်းတောင်ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းပုံ။

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၉ ပထမနေ့တွင် ရတနာပုံနှင့် ဒဂုံစတားယူနိုက်တက်အသင်း အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၉ ပထမနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်က ဆက်လက်ကျင်းပသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒုတိယအကျော့တွင် ရှုံးကန်နေရသည့် ရတနာပုံအသင်း နိုင်ပွဲပြန်လည်ရရှိခြင်းဖြစ်ပြီး ရှုံးပွဲကြုံတွေ့ခဲ့သည့် ဟံသာဝတီယူနိုက်တက်အသင်းမှာမူ တတိယနေရာရယူနိုင်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။

ရတနာပုံအသင်းသည် ပြည်မိုး၊ စိုးမင်းဦးစသည့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသလို

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ✻

# အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့တွင် မြန်မာအသင်း အရေးနိမ့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသော ၂၀၂၆ အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်က စတင်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်း ၁၄ မိနစ်တွင် ပေးလိုက်ရသည့်တစ်ဂိုးတည်းဖြင့် အရေးနိမ့်ခဲ့သည်။ အခြားအုပ်စုပွဲများတွင် ဩစတြေးလျအသင်းက လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (A) တွင် အိမ်ရှင်ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အုပ်စု (B) တွင်

စာမျက်နှာ ၁၆ ကော်လံ ၂ သို့ ❂

## ယနေ့ ဖတ်စရာ


ဆိပ်ကြီးခနောင်တိုမြို့နယ် လက်ပံကုန်း-အကောက်စခန်းသို့ မည်သူမဆို လာရောက်လည်ပတ် အပန်းဖြေအနားယူနိုင်
စာမျက်နှာ » ၉

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၃၄ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်
စာမျက်နှာ » ၁၆

EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်း ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ
စာမျက်နှာ » ၁၇


# အဲဗာတန်အသင်းကို အနိုင်ရပြီး မန်ယူအသင်း အမှတ်ပေးဇယားအဆင့် ၄ နေရာ၌ ဆက်လက်ရပ်တည်

ဖေဖော်ဝါရီ ၂၄ ရက်နံနက်ပိုင်းက အဲဗာတန်အသင်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းက အဲဗာတန်အသင်းကို အနိုင်ရပြီး အမှတ်ပေးဇယား အဆင့် ၄ နေရာမှာ ဆက်လက်ရပ်တည်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ မန်ယူအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၇၁ မိနစ်မှာ ရရှိခဲ့တဲ့ ဆက်ကိုရဲ့ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် မိုက်ကယ်ကားရစ်လက်ထက် ပရီမီယာလိဂ်ခြောက်ပွဲမှာ ရမှတ် ၁၆ မှတ်အထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် မန်ယူအသင်းအနေနဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၇ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၈ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့် ၅ နေရာက

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖



အဲဗာတန်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။